ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 June 2024 ၁၁၄၈၆

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားအပြန်အလှန် ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma သည်ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားအပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် **စာမျက်နှာ ၃ ကော်လံ ၅ သို့** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၄/၅)စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း** စာမျက်နှာ » ၅

**ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနှင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့၏ အရေးပါမှု** ဆောင်းပါး စာမျက်နှာ » ၁၄

ကြေးမုံ

# ချည်မျှင်နှင့်အထည် မြှင့်တင်ထုတ်လုပ် ပြည်ပသွင်းကုန်လျှော့ချနိုင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များဖြင့် နိုင်ငံ့စီးပွား၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် ဝတ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပြည်တွင်း၌ဖူလုံပြီး ပြည်ပသို့သွင်းကုန်လျှော့ချခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်စစ်ဆေးခဲ့ရာ၌ "မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နေ့စဉ်ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရှပ်၊ စွပ်ကျယ်ကဲ့သို့ အခြေခံအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အစဉ်အဆက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခဲ့သော်လည်း ဝါဂွမ်းကို ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်ပသို့ ကုန်ကြမ်းများအတိုင်း တင်ပို့နေရပြီး ပြည်ပမှ ဝါထွက်ပစ္စည်းများနှင့် ချည်ထည်ချောများကို နှစ်စဉ်တင်သွင်းနေရသည်။ ကောင်းမွန်သည့် ချည်ထည်ပစ္စည်းများရရှိရန်အတွက် အရည်အသွေးကောင်းမွန်သည့် ဝါသီးနှံအထွက်နှုန်းကောင်းမွန်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဝါဂွမ်းကို ခေတ်မီနည်းစနစ်တကျထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ဝါစိုက်ပျိုးထုတ်မှုတွင်လည်း ပန်းတိုင်အထွက်နှုန်း မရောက်ရှိသေးသဖြင့် ချည်မျှင်နှင့် အထည်များကို ပြည်ပမှတင်သွင်းနေရသည်။ ဝါနှင့်ဆက်စပ်၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုလျော့ကျကာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုလျော့ကျနေသည်။

ထို့ကြောင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားများအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လိုအပ်သည့်သွင်းအားစုများ အပြည့်အဝထည့်သွင်းရန်နှင့် စိုက်ပျိုးရေ လုံလောက်အောင်ရရှိရန်လည်း လိုအပ်သည်။ စိုက်ပျိုးသည့်မြေအမျိုးအစားအလိုက် ထွက်သင့်သည့် အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်သွားကြရန်လိုသည်။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင်ဆောင်ရွက်ပြီး ပထမတန်းစား ဝါများထွက်ရှိအောင် စိုက်ပျိုးကြရမည်ဖြစ်သည်။ ဝါအမျိုးအစားအများအပြား စိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့်ဝါများ ထွက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံကောင်းမှ အရည်အသွေးကောင်းမည်ဖြစ်၍ အရည်အသွေးမြင့်သည့်ဝါများထွက်ရှိရန်လိုသည်။ အရည်အသွေးကောင်းဝါများ စိုက်ပျိုးထုတ်လုပ်ပြီး တန်ဖိုးမြှင့် ချည်မျှင်နှင့်အထည်များ ထုတ်လုပ်ကြရန်လိုသည်။ အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်ကြိုက်၊ လူကြိုက်များသော အဝတ်အထည်များ ထုတ်လုပ်သွားရန်လိုသည်။ ထို့အပြင် အခြားဈေးကွက်များဖြစ်သည့် ဟိုတယ်နှင့် ပုဂ္ဂလိကသုံးကုန်ပစ္စည်းများကို အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရန်အတွက် သုတေသနလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် အရေးပါပြီး အကျိုးရှိသည့်စက်ရုံများဖြစ်သဖြင့် နိုင်ငံလိုအပ်ချက်ကို ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ကောင်းမွန်သောအထည်များ ဝယ်ယူဝတ်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ချည်မျှင်လုပ်ငန်းကို အခြေခံသည့် MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်နိုင်ရန်အတွက် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် အရည်အသွေးကောင်းမွန်သော ဝါစိုက်ပျိုးရေးကို ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်အားပေးပြီး ဝါစိုက်ဧကများတိုးချဲ့ကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြကာ ဝါနှင့် ချည်မျှင်၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးအနက်ထား ဝိုင်းဝန်းလုပ်ကိုင်ကြပြီး နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။


## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လနှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး/ အရင်းများကို **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ** အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ဖြန့်ဝေပေး

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှပံ့ပိုးချေးငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများဖြန့်ဝေပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သနပ်ပြင်ကျေးရွာ၌ ကျင်းပဆောင်ရွက်သည်။

ထိုသို့ဖြန့်ဝေရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မြင့်မြင့်ဆွေက တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက သနပ်ပြင်ကျေးရွာရှိ မိုးစပါးစိုက်တောင်သူများအား သြဘာ (စကြာ) ယူရီးယားဓာတ်မြေသြဇာ သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၀၀၀ | ၁,၂၇၈ | ၁၁,၅၈၃,၉၀၀ |
| MTSH | ၃,၂၅၀ | ၃,၁၅၀ | ၅,၁၉၆ | ၁၆,၇၄၆,၀၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၄၂ | ၃၅၂,၈၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၆,၅၄၃ | ၁၁,၁၃၁,၃၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၅၅ | ၁၅၆,၇၅၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၅၆၃ | ၁,၀၂၅,၅၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၆၁ | ၂၉၂,၈၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၁,၅၆၄ | ၅,၃၄၆,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများအား ကူညီကာကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Sisira Senevirathne နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ကျိုက်ထိုမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာပေးအပ်ပွဲ ကျင်းပ

**ကျိုက်ထို ဇွန် ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လယ်ယာလုပ်တောင်သူများ အသုံးပြုနိုင်ရန် စပါးမျိုးစေ့ချကိရိယာပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဗိုလ်က စပါးမျိုးစေ့ချကိရိယာ အသုံးပြုခြင်းနှင့် ပတ်သက်၍ ပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက မျိုးစေ့ချကိရိယာများအား ဖြန့်ဖြူးရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ကျေးရွာအုပ်စုများရှိ စပါးစိုက်တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စပါးမျိုးစေ့ချကိရိယာများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။

အဆိုပါစပါးမျိုးစေ့ချကိရိယာမှာ ရှစ်တန်းသွားဖြစ်ပြီး တစ်ဧကလျှင် ၁၂ ပြည်မှ ၁၄ ပြည်ထိ စပါးမျိုးစေ့များကို ကြဲချနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်း တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၄/၅)စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်း၊ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သီဆို ဖျော်ဖြေ**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **“ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့”** သီချင်းဖြင့် သီဆို ဖျော်ဖြေကြသည်။

ထို့နောက် **“လူထုသိပ္ပံကျမ်းများ လှူဒါန်းမှုမှသည် စာဖတ်ရှိန်မြှင့်တင်ရေး”** သို့ ဗီဒီယို ကလစ်ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးကဏ္ဍတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက စာအုပ်စာစောင်များလှူဒါန်းသည့် အခမ်းအနား ဖြစ်ပါကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလွှာအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် AI နည်းပညာသည် နေ့စဉ်နှင့်အမျှ တိုးတက်နေပြီး လူငယ်များ အကျိုးရှိစေသည့်အတွက် သိပ္ပံနည်းပညာနှင့် အသိပညာ စာအုပ်၊ စာစောင်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်ပိုင်ငွေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း။

**စာအစုံဖတ်ရှုရန်တိုက်တွန်း**

စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သားတို့သမီးတို့အနေဖြင့် နေ့စဉ် စာဖတ်ရာ၌ စာအစုံကိုလည်း ဖတ်ရှုရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့လှူဒါန်းသည့် လူထုသိပ္ပံကျမ်းကိုဖတ်ရှုခြင်းဖြင့် နောင်တစ်ချိန်တွင် ခေတ်မီနည်းပညာများကို နားလည်တတ်ကျွမ်း၍ နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း သမီးကောင်း ပညာရှင်များ ပေါ်ထွန်းရေးအတွက် ဆက်လက် ကြိုးစားသွားရန် တိုက်တွန်း လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ(၄) နှင့် အတွဲ(၅)စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့စာအုပ် ၂၅၀ ကိုလည်းကောင်း၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် ၁၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ် ၁၇၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ လူထုသိပ္ပံကျမ်း အတွဲ(၄) နှင့် အတွဲ(၅)စာအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက ကျေးဇူးတင်မှုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း (စာရေးဆရာ မောင်ကျောက်ခဲ)က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ဘက်စုံပညာရည် တို့လှမ်းချီ”** သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက **“အနာဂတ်မြန်မာသို့”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**





လူထုသိပ္ပံကျမ်း အတွဲ(၄)နှင့် အတွဲ(၅)စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ စာအုပ် ၂၅၀၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/ တပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် ၁၀၀၀ နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ် ၁၇၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

## မြောင်းမြမြို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မြောင်းမြ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခရိုင်အတွင်းရှိ (မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ) မြို့နယ်များ၌ ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြောင်းမြခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၂၄ ရွာအား တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၅၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




ရန်ကုန် ဇွန် ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် (27th St. Petersburg International Economic Forum – SPIEF– 2024) တက်ရောက်ပြီး ဇွန် ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှ စ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ကာ ဖိုရမ်ပြုလုပ်သည့် အခမ်းအနားတိုင်း တွင်လည်း သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့် ဆွေးနွေးပြောကြားပြီး ရုရှားနိုင်ငံ လက်ရှိဆောင်ရွက်လျက်ရှိသော အဓိကစီးပွားရေးကဏ္ဍများ၊ အစဉ်အမြဲကြီးထွားလာသည့် ဈေးကွက်များနှင့် မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးအခြေအနေများကို နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် ယခုဖိုရမ်သည် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိကစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၅ ရက် နံနက်ပိုင်းက ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Sergei Yurievich Glazyev နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ အီးအေအီးယူ၏ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများကို လေ့လာရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ ပူးတွဲလုပ်ငန်းအဖွဲ့ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏ အကြံပေး ရုရှားရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရှေ့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဇွန် ၆ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး၏ အစည်းအဝေး မှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် အခြားကဏ္ဍများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov တည်ခင်းဧည့်ခံသော အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဇွန် ၇ ရက်တွင် ရုရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Roman Vladimirovich Starovoyt ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းပြေးဆွဲနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရထားပို့ဆောင်ရေး ကဏ္ဍတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်း ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးများက ဖိုရမ်၏ Panelist များအနေဖြင့် တက်ရောက်ဆွေးနွေးကြရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က EAEU–ASEAN Business Dialogue ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက The Economic of Health: Effectively Managing Health and Improving Quality of Life ခေါင်းစဉ်ဖြင့် လည်းကောင်း တက်ရောက် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့ပြင် သီးခြားတွေ့ဆုံမှုများအနေဖြင့် ဇွန် ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ခေါင်းဆောင်သော အဖွဲ့နှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko တို့ တွေ့ဆုံခဲ့ပြီး မြန်မာ-ရုရှားနှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေး ကိစ္စရပ်များနှင့် တောင်ကြီး စဝ်စံထွန်းဆေးရုံတွင် ကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ကင်ဆာရောဂါကုသမှု ဆေးဝါးများ တင်သွင်းဖြန့်ချိရေးနှင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် ညနေပိုင်းတွင် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနား ဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြား၍ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဗိုလစ်ဗီးယားနိုင်ငံသမ္မတ Mr. Luis Arce နှင့် ဇင်ဘာဘွေနိုင်ငံသမ္မတ Mr. Emmerson Mnangagwa တို့က ပါဝင်ဆွေးနွေးကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နည်းပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ၏ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီဖြစ်သည့် PJSC Gazprom Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် FESCO Transportation & Logistics Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် Business Russia နှင့် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်နှင့် တိုက်ကြီးတပ်နယ်တို့ရှိ တပ်မတော်လေ့ကျင့်ရေးကျောင်းများတွင် သင်တန်းတက်ရောက်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံ အားပေးအမှာစကားပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကျောင်းရုံး အစည်းအဝေးခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းခန်းမများ၌ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုလို လာရောက်တွေ့ဆုံရသည့် အကြောင်းရင်းသည် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မည့် စစ်သည်များကို ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပြောကြားရင်း အားပေးစကားပြောကြားလိုခြင်း၊ သင်တန်းကာလတွင်ကြုံတွေ့ရသည့်အခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလိုခြင်းတို့ကြောင့် လာရောက်ခြင်း ဖြစ်ကြောင်း၊ ပြည်သူ့ စစ်မှုထမ်းများကို မိမိတို့ တပ်မတော်အနေဖြင့် နွေးနွေးထွေးထွေးကြိုဆိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာတည်စေခဲ့သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း။

အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို မိမိကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ပြည်ထောင်စု အစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ အတွင်းရေးမှူးအဖြစ် စစ်ရေးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗဟိုအဖွဲ့ဖွဲ့စည်းပြီး ဗဟိုအဖွဲ့မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်း တာဝန်များကို စနစ်တကျ စီမံချက်ချပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၈၆တွင်လည်း “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”ဟု ဖော်ပြထားပါကြောင်း။

ယခု သင်တန်းများတွင် တက်ရောက် နေသူများသည် ကိုယ်တိုင်ဆန္ဒပြုသူများဖြစ်သည်ကို သိရှိရပါကြောင်း၊ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာကြိုဆို ဂုဏ်ယူပါကြောင်း၊ တပ်မတော်သားတစ်ယောက် ဖြစ်လာပါက ပေးအပ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်တွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန်ဟုပင် အဓိဋ္ဌာန်ပြုထားပါကြောင်း၊ စစ်သင်တန်းဖြစ်၍ စနစ်တကျဖြင့် စည်းနှင့် ကမ်းနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုးကြားဖြတ်လတ်၍ တက်ကြွရန် လိုအပ်ပါကြောင်း၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်နေရန်နှင့် ဖွဲ့သတ္တိရှိရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အမြဲတမ်းပင် ရှေ့ကမားမားမတ်မတ် ရပ်တည်ခဲ့ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် ရဲသော်မသေ သေသော်ငရဲမလားဆိုသည့် ဆောင်ပုဒ်အတိုင်း ပေးအပ်သည့်တာဝန်ကို ရဲဝံ့ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရန် လိုသကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်သန်စွမ်းရန်လိုအပ်ကြောင်း၊ ပြည်သူက အားထားရသည့် တပ်မတော်သားကောင်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သည့် စစ်သည်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားလေ့ကျင့်ရန်လိုကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် တပ်မှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သက်ဆိုင်ရာ နည်းပြအရာရှိချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုက်ကြီးတပ်နယ် လေ့ကျင့်ရေးကျောင်း စားရိပ်သာတွင် သင်တန်းသားများနှင့် အတူတကွ နေ့လယ်စာ သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်း အသီးသီး၌ လက်နက်ငယ် သင်ခန်းစာနှင့် ခန်းမအတွင်း စစ်နည်းဗျူဟာ သင်တန်းပို့ချနေမှုများ၊ သင်တန်းသားများ အိပ်ဆောင်များ၊ သင်တန်းသားစားရိပ်သာနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၁)နှင့် (၂) တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား လက်နက်ငယ်သင်ခန်းစာပို့ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန့်နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန့်နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန့်နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး တက်ရောက်သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညွှန့်နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညွှန့်နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

■



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ်ခြောက်စင်း လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးအပ်သည့် ကင်းလှည့်ရေယာဉ်ခြောက်စင်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး (ဝါးတန်း)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့ ဦးဆောင်၍ အခမ်းအနားတက်ရောက်လာကြသူများက လမ်းမတော်



မြို့နယ် ကျွန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားရှိသော ကင်းလှည့်ရေယာဉ်နှစ်စင်းပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ရေယာဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုပြုလုပ်ရာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကား ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် လွှဲပြောင်း/လက်ခံခြင်း စာလွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့အခမ်းအနားတွင် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးတို့အပေါ် အခြေပြု၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ အားကောင်းစေရေးအတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ် နှစ်စင်းနှင့် ၄၈ မီတာ ကင်းလှည့်ရေယာဉ် လေးစင်းတို့ကို အကူအညီပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ – GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး





နေပြည်တော် ဇွန် ၁၁

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့–GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ (၃၄)လမ်းနှင့် (၇၈)လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ညီနောင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့လျက်ရှိသော ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့–GACC ၏ လမ်းညွှန်ချက်နှင့်အညီ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ GACC သို့ မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အွန်လိုင်းစနစ်ဖြင့် ဖြစ်စေ လျှောက်ထားရာတွင် အချက်အလက်များမှန်ကန်စွာ ဖြည့်သွင်းဆောင်ရွက်ရန်နှင့် စစ်ဆေးရေးဆောင်ရွက်ရာတွင် လျှောက်ထားသည့် ကုမ္ပဏီများအနေဖြင့် ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များ သိရှိနားလည်စေရန် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တို့အကြား အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ် (SPS Protocol)များ လက်မှတ်ရေးထိုးထားရှိမှုမှာ သီးနှံအနေဖြင့် ဆန်၊ ပိုးအိမ်ခြောက်၊ ပြောင်းနှင့် ငှက်ပျော စသည့် Protocol လေးခု၊ မွေးမြူရေးနှင့် သဘာဝမှ ဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်း တင်ပို့ခြင်းနှင့် သက်ဆိုင်သော Protocol နှစ်ခုနှင့် ကျွဲ၊ နွားအရှင်တင်ပို့ရေးနှင့် သက်ဆိုင်သည့် Protocol တစ်ခု စုစုပေါင်း ခုနစ်ခုဖြစ်ပြီး ဆက်လက်၍ ပို့ကုန်အလားအလာရှိသော SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အသိပညာပေးအစီအစဉ်ဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့–GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးကြသည်။

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ၃၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်များကို ကုမ္ပဏီများလိုက်နာဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခုဖွင့်လှစ်ပို့ချသည့် "အသိပညာပေးအစီအစဉ်"သည် ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး ထွက်ကုန်များအရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်း (မန္တလေး)တွင် ဓာတ်ခွဲခန်းပညာရှင်များနှင့်တွေ့ဆုံ၍ ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဓာတ်ခွဲခန်းပညာရပ်အသစ်များ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြရန်နှင့် ပညာရှင်အချင်းချင်း နည်းပညာမျှဝေဖလှယ်သော အလေ့အကျင့်ကောင်းများဖြင့် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်ဓာတ်ခွဲခန်းပညာရှင်များ မွေးမြူပျိုးထောင်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး အစည်းအဝေး ခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အဓိက သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်ရရှိရေး ကျရာကဏ္ဍက ပညာရှင်ဆန်သော စွမ်းဆောင်မှု ထုတ်ဖော်ပြသနိုင်ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်လေးခုမှ ဒေသခံတောင်သူများကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် အာဆီယံကျန်းမာရေးအစုအဖွဲ့(၁)၏ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်း အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇွန် ၁၁

(၈)ကြိမ်မြောက်အာဆီယံကျန်းမာရေးအစုအဖွဲ့(၁)၏ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်း အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မကူးစက်နိုင်သောရောဂါများသည်အရေးကြီးသောပြည်သူ့ကျန်းမာရေး ဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုထားသည့်အတွက် ကျန်းမာရေးကဏ္ဍတွင် အရေးကြီးသော လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသရေးအတွက် ကျေးလက်ဒေသအောက်ခြေအထိ မကူးစက်နိုင်သောရောဂါကုသရေး ဆေးခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေး၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပါသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ထည့်သွင်း၍ မွေးစအရွယ်မှ သေဆုံးသည်အထိ စောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်မှုတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးမှု ပုံစံများကျင့်သုံးရာတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် တတိယမြောက်ကျင့်သုံးသောနိုင်ငံဖြစ်ပါကြောင်း။

အာဆီယံ ၂၀၁၅ ခုနှစ်လွန် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် ၂၀၂၁–၂၀၂၅ နှင့် အာဆီယံ ကျန်းမာရေးအစုအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဆုံးရှုံးသွားသောအချိန်နှင့် အရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးပြု၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဆီယံကျန်းမာရေးကဏ္ဍသည် အမှန်တကယ်ပင် အာဆီယံပြည်သူများ၏ ဘဝနေထိုင်မှုပုံစံကို တန်ဖိုးထားကာ အပြောင်းအလဲဖြစ်စေပြီး ဒေသတွင်း လျင်မြန်စွာပြောင်းလဲနေသော လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ASEAN Health Sector Development အတွက် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများမြှင့်တင်ရေး လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အားဖြည့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတွင် တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ကုသရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့် သောက်သုံးမှုထိန်းချုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ စိတ်ကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ရွေးချယ်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အစည်းအဝေးကို ဇွန် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းနှင့် ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်) တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဓာတ်အားကွပ်ကဲရေးဌာန (ရန်ကုန်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်ရှိ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ၅၀၀ ကေဗွီဘုရားကြီး–လှိုင်သာယာ ဓာတ်အားလိုင်း၊ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများအလိုက် ပြီးစီးရမည့်အချိန်ဇယားများ ရေးဆွဲထားပြီး အဆိုပါအချိန်ဇယားများအတိုင်း သတ်မှတ်ချိန် ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်နေမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးသွားပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံတောင်ပိုင်းသို့ ဗို့အားတည်ငြိမ်စွာဖြင့် ပို့လွှတ်နိုင်မည်ဖြစ်သည်။ ယခုအခါ ၅၀၀ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်နေဆဲကာလတွင် ၂၃၀ ကေဗွီဗို့အားနှင့် ပို့လွှတ်နိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဓာတ်အားစတင်ပို့လွှတ်နိုင်မည်ဖြစ်ပြီး ၅၀၀ ကေဗွီစနစ်ဖြင့် ပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ခြင်းအပါအဝင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်) သို့ရောက်ရှိပြီး ဓာတ်အားချိတ်ဆက် ကွပ်ကဲပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုအချိန်တွင် ပြည်သူများနှင့် စက်မှုဇုန်များသို့ သတ်မှတ်အချိန်ဇယားအတိုင်း ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် အချိန်ဇယားအတိုင်း စနစ်တကျခွဲဝေပေးပို့သွားရန်လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် Frequency Load Shed နှင့် Plan Load Shed များ ပြုလုပ်၍ မီးဖြတ်တောက်ရသည့်အခါ ပြည်သူများသို့ မီးနှစ်ကြိမ် ဖြတ်တောက်ရခြင်းမျိုးမဖြစ်အောင် စနစ်တကျကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတက္ကသိုလ်တွင် စာပေရေးရာနှင့် သတင်းမီဒီယာဆိုင်ရာ သိကောင်းစရာများ ဟောပြော

**ပဲခူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်ဆောင်ရွက်မှုဖြင့် စာဖတ်ရှုမြင့်တင်ရေးနှင့် အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ပဲခူးတက္ကသိုလ်တွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးတက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာဖတ်ရှုမြင့်တင်ရေး၊ ယနေ့လူငယ်များ အနာဂတ် မြန်မာနိုင်ငံ၏ သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်ရေးနှင့် သတင်းအတုသတင်းအမှားများ ခွဲခြားသုံးသပ်နိုင်ရေးများကို အသိပညာပေး ဟောပြောသည်။ **သတင်းစဉ်**



## ညောင်တုန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

**ညောင်တုန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဇွန် ၇ ရက် နံနက်ပိုင်းက မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာအုပ်စုများတွင် အသက်(၁၆)နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## သဲသဲမဲမဲ၊ မဲမဲသဲသဲနှင့် မည်းမည်းသည်းသည်း

မြန်မာစာပေတွင် "သဲသဲမဲမဲ၊ မဲမဲသဲသဲ"ဟူသော စကားနှစ်ခု၊ အရေးနှစ်ခုနှင့် "မည်းမည်းသည်းသည်း" ဟူသောစကားကိုတွေ့ကြရပေသည်။ စာလုံးပေါင်းသတ်ပုံရောထွေး ယောင်မှားလေ့ရှိကြသော ဝေါဟာရများဖြစ်သည်။ ထိုဝေါဟာရများ၏ အနက်နှင့် အဓိပ္ပာယ်များကိုသိမှ ထိုဝေါဟာရများကို မှန်ကန်စွာ စာလုံးပေါင်း၍ ရေးသားသုံးနှုန်းနိုင်ကြပေလိမ့်မည်။ ကွဲပြားအောင် ခွဲခြားရေးသားနိုင်ကြပေလိမ့်မည်။

"မဲ၊ မည်း၊ သဲ၊ သည်း" တို့၏ အနက်များမှာ "ပေါင်းစည်း" ဟူသော အနက်၊"ဆက်စပ်" ဟူသော အနက်ချည်းဖြစ်ကြသည်။ သို့ရာတွင် "ပေါင်းစည်း၊ ဆက်စပ်"ဟူသော အနက်ကိုအခြေခံ၍ ဖြစ်လာသော အဓိပ္ပာယ်များမှာ ကွဲပြားကြသည် ဟုဆိုရပေမည်။

"မဲ" နှင့် "မည်း" တို့၏အနက်၊ အဓိပ္ပာယ်ကို ဦးစွာ စဉ်းစားကြပါမည်။ "မဲ"လည်း "ပေါင်းစည်း၊ ဆက်စပ်"၊ "မည်း" လည်း "ပေါင်းစည်း၊ ဆက်စပ်" အနက်ဖြစ်သည်။ မဲ၏အနက်ကို စဉ်းစားသောအခါ "မက်၊ မင်" တို့၏အနက်နှင့် ယှဉ်ဖက်ဆက်စပ်၍ စဉ်းစားသင့်ကြောင်းကိုလည်း သတိပြုမိကြပေလိမ့်မည်။

"မည်း"ကို "အရောင်နက်မှောင်သော" ဟူသော အဓိပ္ပာယ်ဖြင့် သုံးသည်။ "မက်"ကို "မြဲ၊ စွဲ၊ ကပ်၊ တပ်" ဟူသော အနက်ဖြင့် သုံးသည်။ "မဲ" ဟူသော ဝေါဟာရကိုတွေ့လျှင် "မည်း" နှင့် ဆက်နွှယ်သော အဓိပ္ပာယ်လော၊ "မက်"နှင့် ဆက်နွှယ်သော အဓိပ္ပာယ်လော စိစစ်ရပေမည်။ "မဲ" သည် များသောအားဖြင့် "မက်"နှင့် အဓိပ္ပာယ်ဆက်နွှယ်သည်ကို တွေ့ရသည်။ "မက်" ၏ အနက်မှာ "မြဲ၊ စွဲ၊ ကပ်၊ တပ်" ဖြစ်ရာ "မဲ" သည်လည်း "မြဲ၊ စွဲ၊ ကပ်၊ တပ်" အနက်ပင်ရှိသည်ဟု ဆိုရပါမည်။

"အစားကိုချည်းမက်နေတာပဲ" သည် "အစားကိုချည်းမဲနေတာပဲ" နှင့် သဘောတူပင်ဖြစ်သည်။ "မက်" သည် "မက်မော၊ တပ်မက်" အဓိပ္ပာယ်ဖြစ်သည်။ "မဲ"သည် "မဲမဲသဲသဲ၊ သဲသဲမဲမဲ၊ စွဲစွဲမြဲမြဲ၊ တောင့်တ" ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော ခရီးဆောင်မြန်မာအဘိဓာန်တွင် "မဲ"ကို "၁။ တစ်ခုတည်းကိုသာ အာရုံစိုက်သည်။ ၂။ ကွက်၍ အငြိုးထားသည်ဟု အဓိပ္ပာယ်နှစ်ခု ဖွင့်ပြထားသည်။စိန္တကျော်သူဦးဩ၏ကဝိလက္ခဏာသတ်ပုံကျမ်းလာ "စလေကို ဖဲ၊ ပြည်ကို မဲ၊ ကောင်းမြဲ အစဉ်ထား။ (ကဝိ ၆၃) မယားကိုဆဲ၊ သားကိုမဲ၊ မိုးပြဲခုံမိုင်းသား။ ကဝိ* ၆၈" တို့မှ "မဲ" ၏ အဓိပ္ပာယ်မှာ ခရီးဆောင် မြန်မာအဘိဓာန်လာ "မဲ" ၏ အဓိပ္ပာယ်များနှင့် သဘောညီသည်။

"သဲ" ကိုမူ ခရီးဆောင်မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ပြမထားပါ။ သဲကြီး မဲကြီး ဟူသော ကြိယာဝိသေသနပုဒ်ကို ပြထားပါသည်။ "သဲကြီးမဲကြီး" ၏ အဓိပ္ပာယ် မှာ "သဲသဲမဲမဲ" ၏ အဓိပ္ပာယ်နှင့်တူပါသည်။ "သဲကြီးမဲကြီး" ကိုလည်းကောင်း၊ "သဲသဲမဲမဲ"ကို လည်းကောင်း "စူးစူးစိုက်စိုက် ဇွဲကြီးစွာ ပြင်းပြင်းထန်ထန်" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ "ဇွဲ" ဆိုသည်မှာ အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်သော "သတ္တိ"ဟူသည့် အဓိပ္ပာယ်ရှိသဖြင့် "ဇွဲကြီးစွာ" ကို "စွဲစွဲမြဲမြဲ"နှင့်လည်းတူသည်ဟု ယူဆနိုင်ပေ သည်။ 'သဲ'ကို ဝိစ္ဆာပြုလျက် (နှစ်ကြိမ်ထပ်လျက်) "ခြိမ့်ခြိမ့်သဲသဲ၊ ရုတ်ရုတ်သဲသဲ၊ သောင်းသောင်းသဲသဲ၊ သဲသဲအုတ်အုတ်၊ အုတ်အုတ်သဲသဲ၊ အုံအုံသဲသဲ" စသည်ဖြင့် သုံးသည်ကိုလည်း တွေ့ရသည်။ "သဲသဲ"၏ အဓိပ္ပာယ်မှာ "စုရုံး၊ များပြား၊ အသံ မြည်ဟည်း" စသည်တို့ဖြစ်သည်။ 'ခြိမ့်ခြိမ့်၊ ရုတ်ရုတ်၊ သောင်းသောင်း၊ အုတ်အုတ်၊ အုံအုံ' ဟူသော ဝေါဟာရများနှင့် တွဲဖက်နိုင်သော အဓိပ္ပာယ်လည်းဖြစ်သည်။

ချုပ်၍ဆိုရသော် "သဲသဲမဲမဲ၊ မဲမဲသဲသဲ" ကို "စွဲစွဲမြဲမြဲ၊ တစိုက်မတ်မတ်၊ စူးစူးစိုက်စိုက်၊ ပြင်းပြင်းထန်ထန်" စသည့် အဓိပ္ပာယ် ဖွင့်ဆိုသည်မှာ "သဲ၊ မဲ" တို့၏ မူလအနက်နှင့် မသွေဖည်ဟု ဆိုရမည်ဖြစ်ပါသည်။

ခရီးဆောင်မြန်မာအဘိဓာန်တွင် "မည်းမည်းသည်းသည်း" ကို တည်ပုဒ်ယူထားသည်ကို မတွေ့ရပါ။ သို့ရာတွင် "မည်းသည်း" ကိုမူ တည်ပုဒ်ယူထားပါသည်။ "မည်းသည်း" ၏ အဓိပ္ပာယ်ကို "၁။ အလွန်မည်းသော။ ၂။ စုပြုံများပြားသော။" ဟု ဖွင့်ဆို ထားပါသည်။ "နေပူထဲမှာနေတာများလို့ အသားတွေ မည်းသည်းနေတာပဲ။" "မုန့်နံ့ရလို့ ပုရွက်ဆိတ်တွေလာလိုက်ကြတာ မည်းသည်းနေတာပဲ" ပထမဝါကျတွင်ပါသော "မည်းသည်း" သည် "အလွန်မည်းသော" ဟူသည့် အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယဝါကျတွင်ပါသော "မည်းသည်း" သည် "စုပြုံများပြား" သော အဓိပ္ပာယ်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

■

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/ ၂၀၂၄)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က)နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ဖော်ပြပါရှိပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား/ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုခဲ့ပါသည်။

၃။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး စုစုပေါင်း အကျဉ်းသား ၂၃ ဦးအောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၄ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ၁ ဘာသာ ဂုဏ်ထူးရှင် ၃ ဦး ပါဝင်ပါသည်။ ၄ ဘာသာ ဂုဏ်ထူးရှင်သည် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် လူငယ်သင်တန်းကျောင်းများမှ လူငယ်သင်တန်းသား ၈ ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သင်တန်းသား ၂ ဦး အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ
## နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၄၇၈၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၅၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိ

**နေပြည်တော် ဇွန် ၁၁**

၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပခဲ့ရာ ယနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ၌လည်းကောင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၈၄၂၈ ဦးရှိသည့်အနက် အောင်မြင်သူ ၄၇၈၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၅၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

**လာရောက်ကြည့်ရှု**

ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။



"ကျွန်မတို့ စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၈၀ ရှိပြီး ၁၄၀ အောင်မြင်တဲ့အတွက် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မနက်လေးနာရီကနေ စပြီးတော့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ကနေ ထုတ်ပြန်ပေးခဲ့ပြီး စာစစ်ဌာနက ကျောင်းတွေမှာတော့ နံနက် ၆ နာရီဆို အောင်စာရင်းတွေကို ထုတ်ပြန်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ သူတို့ရဲ့မိဘတွေအတွက်ပါ ဂုဏ်ယူပါတယ်"ဟု အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက ပြောသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆို အောင်မြင်မှုအနေဖြင့် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၇၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀၂၆ ဦး စုစုပေါင်း ၁၃၀၂ ဦး အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၂၈ ရာခိုင်နှုန်း၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၄၀၊ ရိုးရိုးအောင်မြင်သူ ၁၀၆၂ ဦး စုစုပေါင်း ၁၃၀၂ ဦး အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၅၂ ရာခိုင်နှုန်း၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၃၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၅၈ ဦး စုစုပေါင်း ၁၀၉၄ ဦး အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၇၇ ရာခိုင်နှုန်း၊ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၈၂ ဦး၊ ရိုးရိုးအောင်မြင်သူ ၉၀၆ ဦး စုစုပေါင်း ၁၀၈၈ ဦး အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သူတစ်ဦးက "ဒီနေ့ မျှော်မှန်းထားသလို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့တဲ့အတွက် အင်မတန် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ့်ရဲ့ကြိုးစားမှုရလဒ်ပေါ်မှာ မိဘတွေပျော်ရွှင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ မိဘနှစ်ပါးနဲ့ ဆရာ ဆရာမတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲအောင်မြင်ကြတဲ့ သူငယ်ချင်းတွေအတွက်လည်း ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ မိမိဝါသနာပါတဲ့ ဘာသာရပ်တွေကို ဆက်လက်လေ့လာသင်ယူချင်ပေမယ့် အမှတ်စာရင်းအပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပေးသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ဝင်ရောက်ဖြေဆိုသူ သုံးဦးအနက် နှစ်ဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သူ တစ်ဦးရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၄ နာရီမှစတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ရာ ဝင်ရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း သိရသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ကောင်း

**ညောင်တုန်း ဇွန် ၁၁**

ညောင်တုန်းမြို့နယ်သည် ၂၀၂၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက် ၆၁ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့် အောင်မြင်ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာ ဂုဏ်ထူး ၂၈ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူး တစ်ဦး၊ လေးဘာသာ ဂုဏ်ထူး နှစ်ဦး စုစုပေါင်း ၄၃ ဦး ဂုဏ်ထူးရရှိသည်။

ညောင်တုန်းမြို့နယ်၌ စာစစ်ဌာန ၁၁ ခုတွင် ဝင်ရောက်ဖြေဆိုသူပေါင်း ၄၀၃ ဦးရှိပြီး အောင်မြင်သူ ၂၄၇ ဦးရှိရာ အောင်ချက် ၆၁ ဒသမ ၂၉ ရာခိုင်နှုန်းအောင်မြင်ကြောင်း သိရသည်။ ထို့ပြင် မြို့နယ်တွင်းရှိ အထက(မဲဇလီဒလ)သည် အောင်ချက် ၉၃ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် တစ်မြို့နယ်လုံး၌ ပထမ၊ အထက(ကြက်တူရွေးတောင်)သည် ဒုတိယ၊ အထက (ကြိမ်ပင်ဆယ်)သည် တတိယအောင်ချက်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## တစ်နိုင်ငံလုံး (ဝိဇ္ဇာတွဲ)အမှတ်အများဆုံး ၁၀ ဦးတွင် ကျောင်းကုန်းမြို့မှ မအေးသီတာ အဆင့်(၇)ရရှိ

**ကျောင်းကုန်း ဇွန် ၁၁**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ယနေ့နံနက် ၆ နာရီက ထုတ်ပြန်ပေးခဲ့ရာ ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့၌ ခြောက်ဘာသာဂုဏ်ထူးရှင် ထွက်ရှိကြောင်း သိရသည်။ ကျောင်းကုန်းမြို့နယ်၌ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၇၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးက သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Websiteမှ နံနက် ၄ နာရီမှစ၍ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းမှကြည့်ရှုကြပြီး အောင်စာရင်းလာရောက်ကြည့်ရှုသူ နည်းပါးလျက်ရှိကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း စာစစ်ဌာန ၁၂ ခု၌ ဖြေဆိုသူစုစုပေါင်း ၇၉၀ တွင် အောင်မြင်သူ ၅၀၆ ဦးရှိသဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၆၄ ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး (ဝိဇ္ဇာတွဲ)အမှတ်အများဆုံး ၁၀ ဦးတွင် ကျောင်းကုန်းမြို့မှ မအေးသီတာသည် လေးဘာသာဂုဏ်ထူးဖြင့် အဆင့်(၇) ရရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးက သိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ မိဘများ၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း - မေချို
ဓာတ်ပုံ - ချိုကြီး

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်နိုင်ငံလုံး၌ ဇွန် ၁၁ ရက်က ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဖြေဆိုသူပေါင်း ၁၈၀၅၆ဦးရှိပြီး အောင်မြင်သူ ၉၆၅၆ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။


ဒေါက်တာစန္ဒာမြငြိမ်း


မနှင်းကြယ်စင်ထွန်း


မမေသူထွန်း


မောင်ဟိန်းလင်းထက်


မလင်းလက်အိမ်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အခြေခံပညာ ကျောင်းများမှ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာ အောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ မိဘများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည် -

**ဒေါက်တာစန္ဒာမြငြိမ်း**
**အထက(၁) ဒဂုံ**
**ကျောင်းအုပ်ဆရာမကြီး**

ကျွန်မတို့ကျောင်းက Grade-12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ၁၅၉ဦး ဖြေဆိုပြီး ၁၄၇ ဦး အောင်မြင်ခဲ့တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၄၅ ရာခိုင်နှုန်းအောင်မြင်ခဲ့တယ်။ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ထူးချွန်အဆင့် ၁၁ ယောက်ထဲမှာ ကျွန်မတို့ကျောင်းက လေးယောက်ထူးချွန်စွာ အောင်မြင်ခဲ့တယ်။ ခြောက်ဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်သူ ၂၆ ဦး ရှိခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတစ်ဦးတိုင်းရဲ့ ယခင်နှစ် Grade-11 က ကျောင်းတွင်း စာမေးပွဲရလဒ်တွေကို မိဘတွေကို သိရှိစေခဲ့ပါတယ်။ အားနည်းချက်တွေ ဖြည့်ဆည်းပံ့ပိုးနိုင်အောင် မိဘတွေ တွေ့ဆုံဖို့ ဖိတ်ခေါ်ပြီး တစ်ဘာသာချင်းအလိုက် ရမှတ်တွေကို အသိပေးခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း ကိုယ်တိုင်သိရှိပြီး အားနည်းတဲ့ ဘာသာတွေကို ဖြည့်ဆည်း လေ့လာကြပ်မတ်နိုင်အောင် ဘာသာရပ်မှူးတွေနဲ့ အုပ်ထိန်းသူစနစ်နဲ့ လေ့ကျင့်သင်ကြားစေခဲ့ပါတယ်။ အကြိုစစ်ဆေးတဲ့ ကျောင်းတွင်းစာတတ်မြောက်မှု စစ်ဆေးတဲ့မေးခွန်းတွေကိုလည်း ကျောင်းသားကျောင်းသူတွေအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ကို အခြေခံပြီး အထက်တန်းပြဆရာမတွေကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် အလှည့်ကျမေးခွန်းပြုစုစေခဲ့ပါတယ်။ ဒါမှ ဆရာမတွေရော သင်ရိုးသစ် သင်ခန်းစာတွေကို လေ့လာစေပြီး သင်ကြားတဲ့ ဘာသာရပ်တွေအတွက် အမှတ်ပေးစည်းမျဉ်းနဲ့အညီ သင်ကြားနိုင်ပြီး အထောက်အကူဖြစ်စေမှာပါ။

Grade-12 တက္ကသိုလ်ဝင် စာမေးပွဲမှာ တစ်နိုင်လုံးအဆင့် ထူးချွန်စွာ အောင်မြင်သူတွေ ထွက်ပေါ်လာစေဖို့ Grade-4 က စပြီး Grade-12 အထိ ကျောင်းတွင်း တတ်မြောက်မှုရလဒ်တွေအရ အမှတ်အများဆုံးရရှိသူ ၁၀ ဦးကို ထူးချွန်ထက်မြက် တံဆိပ်အပိုင်းတွေ ချီးမြှင့်ပေးခဲ့တယ်။ ဘာသာရေးနဲ့ ကျန်းမာရေးကိုလည်း ဂရုစိုက်ပြုလုပ်စေတယ်။ အဓိကကတော့မိဘဆရာပူးပေါင်းမှုနဲ့ ရလဒ်ကောင်းတွေပေါ်ထွက်လာရတာ ဖြစ်ပါတယ်။

**မနှင်းကြယ်စင်ထွန်း**
**အထက(၁)ဒဂုံ**
**မြန်မာတစ်နိုင်ငံလုံး ဒုတိယအဆင့်**
**အမှတ်အများဆုံးရရှိသူ**

Grade-12 တစ်နှစ်လုံးက


မမြတ်သီရိကျော်


ဒေါ်ခင်မာလာကျော်

ပင်ပန်းခဲ့တာတွေ အများကြီးရှိတယ်။ စာကိုလည်း မနားမနေ ကြိုးစားခဲ့ရတယ်။ အခုလိုရလဒ်ကို ရတော့လည်း ထိုက်တန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ အခုလာမယ့်နှစ် Grade-12 ဖြေဆိုမယ့် မောင်တွေ၊ ညီမတွေကိုလည်း ဒီတစ်နှစ် ပင်ပန်းတာကို ရဲရဲဝံ့ဝံ့နဲ့ရှေ့ဆက်ပြီး မိမိလိုချင်တဲ့ အနာဂတ် ပန်းတိုင်ကိုရောက်အောင် သေချာကြိုးစားခဲ့ရင် ရလဒ်ရဲ့အသီးအပွင့်တွေကိုခံစားရမယ်လို့ ပြောချင်တယ်။ ကျောင်းမှာဆိုရင် ဆရာမတွေပြောတာကို သေချာနားထောင်တယ်။ နားမလည်တာရှိရင် မိဘတွေရော ဆရာမတွေကပါ ပံ့ပိုးကူညီပေးတယ်။ ခက်ခဲပေမယ့်လည်း စာကို နားလည်အောင် ကြိုးစားနိုင်ခဲ့တယ်။ ပင်ပန်းပေမယ့်လည်း မိမိလိုချင်တဲ့ ရလဒ်ရတဲ့အတွက် ကျေနပ်ပါတယ်။

**မမေသူထွန်း**
**အထက(၁)ဒဂုံ**
**မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်**
**အမှတ်အများဆုံးရရှိသူ**

အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်းမှာ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)ဒဂုံကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်ရရှိခဲ့တာပါ။ တစ်နှစ်ပတ်လုံး စာဘယ်လိုကြိုးစားခဲ့လဲဆိုရင် ဘာသာရပ်အလိုက် တတ်နိုင်သမျှ စာမေးပွဲဖြေဖို့အတွက် အဓိကဦးတည်ပြီး ပြင်ဆင်ခဲ့တယ်။ အချိန်နဲ့တစ်ပြေးညီဖြေနိုင်အောင်၊ မေးခွန်းရဲ့ လိုအပ်ချက်နဲ့ ကွက်တိဖြေနိုင်အောင် အဓိကကြိုးစားအားထုတ်ခဲ့တယ်။ မြန်မာစာ ဘာသာဆိုရင် ဆရာ ဆရာမတွေရဲ့သင်ကြားမှုအပြင် ကိုယ်ကိုယ်တိုင်စဉ်းစားပြီး အဆင်ပြေမယ့် အချက်တွေကို အားလုံး ထည့်သွင်းရေးတယ်။ တစ်နှစ်ပတ်လုံး ဒီလိုအစွမ်းကုန်ကြိုးစားခဲ့လို့ အခုလိုမျိုးအဆင့်ကောင်းနဲ့ ရလဒ်ကောင်းရရှိတဲ့အတွက် ဂုဏ်ယူမိတယ်၊ ဝမ်းမြောက်မိတယ်။ အခုလို ရလဒ်ကောင်းရအောင် ထောက်ပံ့အားပေးကြတဲ့ ဆရာ ဆရာမတွေနဲ့ ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘတွေကို ကျေးဇူးတင်ပါတယ်။

**မောင်ဟိန်းလင်းထက်**
**အထက(၁)ဒဂုံ**
**မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်**
**အမှတ်အများဆုံးရရှိသူ**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျွန်တော်နှစ်စကတည်းက စာတွေကို တစ်နေ့စာ တစ်နေ့ ပုံမှန်လေ့လာ ကျက်မှတ်တယ်။ ကျန်တဲ့အချိန်တွေမှာ သင်ပြီးသမျှစာတွေကို ပြန်လေ့လာတယ်။ နှစ်စမှာ စာမကျေရင် စာတွေပုံလာမယ်ဆိုရင် စိတ်ဖိစီးမှုတွေဖြစ်လာမယ်။ အဲဒီအခါကျရင် မလုပ်သင့်တဲ့ အမှားတွေလုပ်မိတတ်တယ်။ အိမ်ရောက်ရင် မှတ်စုတွေ ပြန်ထုတ်ပြီး ပြန်လေ့လာတယ်။ မှတ်စုတိုတွေရေးပြီး ဆရာတွေကို ပြန်ပြတယ်။ Grade-12 မှာ အရေးကြီးတာက စာလေ့လာဖို့ရယ်၊ အနားယူဖို့ရယ် သူ့အချိန်နဲ့သူရှိရမယ်။ စာတွေကိုဆက်တိုက် မနားဘဲလေ့လာရင် ကျန်းမာရေးထိခိုက်နိုင်တယ်။ စာမေးပွဲနီးလာရင် သင်ခန်းစာတွေကိုသင်ပြီးတဲ့အချိန်မှာ တစ်ဘာသာချင်းစီအတွက် ပြန်လေ့လာဖို့ ကြိုတင်အစီအစဉ်ဆွဲဖို့လိုတယ်။ ဒီနှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်တွေ စိတ်ဖိစီးမှုတွေ မများပါနဲ့။ ကိုယ်ပိုင်အချိန်များများထားပါ။ စာကိုပုံမှန်လေ့လာပါ။ အရေးကြီးတာက ကျန်းမာရေးကို ဂရုစိုက်ပါ။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများစွာနဲ့ အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေ။

**မလင်းလက်အိမ်**
**အထက(၁)ဒဂုံ**
**မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်**
**အမှတ်အများဆုံးရရှိသူ**

Grade-12 တက္ကသိုလ်ဝင် စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တာက ဆရာ ဆရာမတွေနဲ့ မိဘတွေရဲ့ ကျေးဇူးတွေ အများကြီးပါပါတယ်။ တစ်နှစ်ပတ်လုံးမှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစားခဲ့တယ်။ အိပ်ရေးပျက်ခဲ့တဲ့ရက်တွေလည်း ရှိခဲ့တယ်။ ကျောင်းမှာဆိုရင် ဆရာဆရာမတွေရဲ့လမ်းညွှန်ချက်တွေ၊ သင်ကြားမှုတွေကို လိုက်နာပြီး တတ်နိုင်သမျှအကောင်းဆုံး ကြိုးစားခဲ့တယ်။ ဒီအတွက်ကြောင့် အခုလိုမျိုးကောင်းမွန်တဲ့ ရလဒ်ရခဲ့တယ်ဆိုတာကို ဂုဏ်ယူပြီး ဆရာ ဆရာမတွေနဲ့ မိဘတွေကို ကျေးဇူးတင်မိပါတယ်။ မောင်ငယ်၊ ညီမငယ်တွေကိုလည်း အတတ်နိုင်ဆုံး ကြိုးစားရင်းနဲ့ ကိုယ်နဲ့ထိုက်တန်တဲ့ ရလဒ်တွေ ရပါစေလို့ ဆုတောင်းပေးပါတယ်။

**မမြတ်သီရိကျော်**
**အထက(၂) လသာ**
**မြန်မာတစ်နိုင်ငံလုံး နဝမအဆင့်**
**အမှတ်အများဆုံးရရှိသူ**

နှစ်စကတည်းက ဘာသာစုံဂုဏ်ထူးထွက်အောင် ရည်မှန်းပြီး တစိုက်မတ်မတ် ကြိုးစားခဲ့တာပါ။ အခုလိုရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဘာသာစုံကို နှစ်စကတည်းက တစ်ဘာသာချင်း ဘာမှမလွတ်ရအောင်၊ အားနည်းတဲ့ဘာသာကိုလည်း ပိုဖိပြီး ကြိုးစားခဲ့တယ်။ မြန်မာစာက တော်တော်လေး ကြိုးစားခဲ့ရတယ်။ ဗဟုသုတစာပေနဲ့ ဖတ်စာအုပ်ကိုနာနာဖတ်ပြီး ၁၀ မှတ်တန် အပုဒ်ရှည်တွေနဲ့ စာစီစာကုံးကိုလည်း နေ့စဉ်ပုံမှန်လေ့ကျင့်ခဲ့တယ်။ အင်္ဂလိပ်စာအနေနဲ့ ဖတ်စာအုပ်ကို များများဖတ်ပြီး Essay, Latter Grammar တွေကို ပိုင်နိုင်အောင် နေ့စဉ်လေ့ကျင့်ခဲ့ရပါတယ်။ သင်္ချာအတွက်က ဖတ်စာအုပ်ကို အဓိကပိုင်နိုင်အောင် လုပ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝဘာသာတွေကိုလည်း ဖတ်စာအုပ်ထဲက လေ့ကျင့်ခန်းတွေကို

စာမျက်နှာ ၁၃ သို့ ❍



၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို အထက(၁) ဒဂုံစာစစ်ဌာန၌ လာရောက်ကြည့်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများကို တွေ့ရစဉ်။

# ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ
# မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်သူ ၁၂၄၁၄ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိ

**မန္တလေး ဇွန် ၁၁**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ ယနေ့တွင် တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ တိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၁၉၄၄၂ ဦး ရှိသည့်အနက် အောင်မြင်သူ ၁၂၄၁၄ ဦးရှိပြီး အောင်မြင်မှု ရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

နံနက် ၆ နာရီမှ စတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန် ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အား ထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျ ကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ စာမေးပွဲအောင်စာရင်း ထုတ်ပြန်မှုနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး



ဦးစိုးမြင့်ချို

ဦးစိုးမြင့်ချို က "ဒီနှစ်ကျွန်တော်တို့ တိုင်းဒေသကြီး အောင်ချက်အနေနဲ့ တစ်နိုင်ငံလုံးအောင်ချက်နဲ့ နှိုင်းယှဉ်ရင် တတိယအဆင့်မှာ ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး အနေနဲ့ မြန်မာတစ်နိုင်ငံလုံး Top 10 ဝင်သူ သုံးယောက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ ဖြေဆိုကြရတာလည်း သင်ရိုးသစ် ဖြစ်ပါတယ်။ သင်ရိုးသစ်ကလည်း နိုင်ငံတကာပညာရေး စံချိန်တွေနဲ့ ပြင်ထားတဲ့ သင်ရိုးဖြစ်ပါတယ်။ ဒီသင်ရိုး အောင်မြင်သွားရင် နိုင်ငံတကာတန်းဝင် ပညာရေးနဲ့ အောင်မြင်တယ်လို့ သတ်မှတ်လို့ရ



မသက်မြတ်စံ

ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ တစ်နိုင်ငံလုံး အောင်ချက် တတိယအဆင့်မှာ ရရှိအောင် ပညာရေးဝန်ထမ်းအားလုံးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ဝိုင်းဝန်းကြိုးစားမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျေနပ်အားရမှု ရှိပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့် (၅) ရရှိခဲ့ပြီး ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မသက်မြတ်စံက "အခုလို ထူးချွန်စွာ အောင်မြင်ဖို့အတွက် တော်တော် ကြိုးစားခဲ့ရပါတယ်။



မအေးဖွေးဖွေး

စာတွေကိုလည်း နှစ်စကစပြီး မပြတ်လေ့လာခဲ့ရပါတယ်။ အခုလို အောင်မြင်တဲ့အတွက်လည်း ဝမ်းသာ ပျော်ရွှင်ရပါတယ်။ ခြောက်ဘာသာလောက်ပဲ ရည်မှန်းခဲ့ပေမယ့် အခုလို မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်(၅) ရရှိတဲ့အတွက်လည်း မိသားစုအနေနဲ့ အတိုင်းမသိပျော်ရွှင်နေကြပါတယ်။ စနစ်သစ်ရဲ့ ပထမဆုံးစာမေးပွဲမှာ ထူးချွန်စွာ ဖြေဆိုနိုင်ခဲ့တဲ့အတွက် ကျေနပ်အားရ ဖြစ်မိပါတယ်။ နောက်ထပ် စာမေးပွဲဖြေမယ့် ကျောင်းသား ကျောင်းသူတွေ အနေနဲ့ စာတွေကိုကြိုးစားသင်ယူပြီး အကောင်းဆုံးဖြေဆိုနိုင်မယ် ဆိုရင် မိမိတို့ရည်မှန်းထားတဲ့ အောင်မြင်မှုကိုရရှိမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးဖွေးဖွေးက "ဒီလိုစာမေးပွဲ အောင်မြင်ခဲ့ဖို့ ကျောင်းစတက်ကတည်းက တစ်နေ့စာတစ်နေ့ အပြီး ပုံမှန်လေ့ကျင့်ပါတယ်။ သူငယ်ချင်းတွေနဲ့လည်း အတူတူကျက်မှတ်ဖြစ်ပါတယ်။ အောင်စာရင်း မထွက်ခင် တစ်ရက်အလိုလောက်ကတည်းက စိတ်တွေလှုပ်ရှားပြီး တစ်ညလုံး မအိပ်ခဲ့ရပါဘူး။ အခုငါးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်တယ်ဆိုတော့ ဝမ်းသာမိပါတယ်။ ကျွန်မအနေနဲ့ ဆေးတက္ကသိုလ်



ဒေါ်မြမြသန်း

တက်ရောက်ဖို့လည်း ရည်မှန်းထားပါတယ်။ ကျောင်းသား ကျောင်းသူတွေ အနေနဲ့လည်း အခွင့်အရေး ရတဲ့အချိန်မှာ ကြိုးစားရင် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိမယ်လို့ ပြောကြားလိုပါတယ်" ဟုပြောသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာန ကျောင်းများ၌ ကြည့်ရှုနိုင်မည့်အပြင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို)တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသန်းက "ကျွန်မတို့ကျောင်းအနေနဲ့ အောင်ချက်က ၉၉ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ နောက်ပြီး ဘာသာစုံဂုဏ်ထူး ထွက်ရှိပြီး အမှတ်ပေါင်း ၅၅၂ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံးမှာ တတိယအမှတ် အများဆုံးရရှိတဲ့ ကျောင်းသူတစ်ယောက်လည်း မွေးထုတ်နိုင်ခဲ့ပါတယ်။ ဒီလိုထူးချွန်တဲ့ ကျောင်းသားကျောင်းသူတွေထွက်ပေါ်လာ



မောင်အောင်ထွဋ်ဝင်း

ဖို့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ကြိုးစားမှုကြောင့်လည်း ဖြစ်သလို ဆရာ ဆရာမတွေရဲ့ အသင်အပြ ကောင်းမှုကြောင့်လည်းဖြစ်ပါတယ်။ အားလုံး စုပေါင်းအားကြောင့် အောင်မြင်ခြင်းဖြစ်ပါတယ်"ဟုပြောသည်။

လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်အောင်ထွဋ်ဝင်းကလည်း "အခုလို ဂုဏ်ထူးနဲ့ အောင်မြင်တဲ့အတွက် အလွန် ပျော်ရွှင်မိပါတယ်။ ကျွန်တော့် မိဘတွေအတွက်လည်း ကျွန်တော်တာဝန်ကျေပွန်တယ်လို့ ခံစားရပါတယ်။ မိဘတွေ ပျော်ရွှင်နေတာကြည့်ပြီး ကျွန်တော်က နှစ်ဆပျော်ရွှင်ရပါတယ်။ ကျွန်တော် အင်ဂျင်နီယာဖြစ်အောင် ကြိုးစားပြီး နိုင်ငံအတွက် သားကောင်းရတနာအဖြစ်နဲ့ တစ်ဖက်တစ်လမ်းက တာဝန်တွေကို ထမ်းဆောင်သွားမှာပါ"ဟု ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌လည်း အကျဉ်းသား ၁၅ ဦးနှင့် အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အကျဉ်းသား ၁၄ ဦးနှင့် အကျဉ်းသူနှစ်ဦး အောင်မြင်ခဲ့ကြကာ တစ်ဘာသာ ဂုဏ်ထူးရှင်သုံးဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**



မန္တလေးမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို လာရောက်ကြည့်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တွေ့ရစဉ်။

❍ စာမျက်နှာ ၁၂ မှ

တစ်ခန်းချင်းမျှမျှတတ လေ့လာမှတ်သားပြီး မှတ်စုတွေ ထုတ်ပြီးချရေး၊ ပုံတွေကိုလည်း ရေးဆွဲခဲ့ရတယ်။ ဘာသာစုံကို အပိုအလိုမရှိအောင် နှံ့နှံ့စပ်စပ်နဲ့ ဆရာ ဆရာမတွေ သင်ကြားတဲ့အတိုင်း လိုက်နာခဲ့တယ်။ တစ်နှစ်ပတ်လုံး ကျန်းမာရေးကိုဂရုစိုက်ပြီး ပုံမှန်ပဲ ကြိုးစားခဲ့ပါတယ်။ နောက်နှစ်မှာ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ စာကိုတစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာတစ်ပတ်၊ ပုံမှန်ဖတ်သွားမယ်ဆိုရင် လိုချင်တဲ့ အမှတ်တွေရရှိပြီး ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်နိုင်မှာဖြစ်ပါတယ်။

**ဒေါ်ခင်မာလာကျော်**

**ကျောင်းသားမိဘ**

သားလေးက ဒီနှစ် အထက(၁) ဒဂုံကနေ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့် အမှတ်အများဆုံး ရရှိသူဖြစ်ပါတယ်။ စာတွေကို အနီးကပ် လုပ်ပေးခဲ့တယ်။ ကျက်စာတွေ အကုန်လုံးကို ကျွန်မကိုယ်တိုင်စာစစ်ပြီး မြန်မာစာ၊ ဇီဝဘာသာကအစ မိဘအနေနဲ့ အနီးကပ် နေ့စဉ်ပံ့ပိုးကူညီပေးတယ်။ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒတွေကို ဆရာ ဆရာမတွေနဲ့ ပေးထားတဲ့အိမ်စာတွေကို ပုံမှန်အကုန်လုပ်တယ်။ စာစပြီး သင်တယ်ဆိုတာနဲ့ အချိန်ဇယားဆွဲပြီး ပုံမှန်လုပ်တယ်။ ကျွန်မက တစ်ပတ်ကို တစ်ရက်၊ နှစ်ရက်၊ သုံးရက် ကျက်စာတွေ စစ်ပေးတယ်။ အနီးကပ် ကျန်းမာရေး စောင့်ရှောက်ရတယ်။ အဲဒီအတွက် အခုရလာတဲ့ ရလဒ်အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကျောင်းက ကျောင်းအုပ်ကြီးနဲ့ ဆရာ ဆရာမတွေကလည်း ကူညီပံ့ပိုးပေးလို့အခုလို အောင်မြင်မှုတွေ ရတာပါ။ ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## မိုင်းပန်မြို့နယ်၌ ရဲတပ်ဖွဲ့ဝင် သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**မိုင်းပန် ဇွန် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ ပညာသင်ကြားမည့် သားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲကို မြို့နယ်ရဲစခန်း ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။




အဆိုပါ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သိန်းနိုင်၊ ဒုတိယရဲမှူးကိုကိုဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့ မိ/စည်း ကော်မတီဥက္ကဋ္ဌ ဒေါ်မိမိခင်တို့က တပ်ဖွဲ့ဝင်များ၏ ပညာသင်ကြားမည့် သားသမီး အထက်တန်း ကျောင်းသား ကျောင်းသူ သုံးဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ လေးဦး၊ မူလတန်းကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အတွက် ပညာသင်စရိတ်ငွေကျပ် သုံးသိန်းနှင့် ခဲတံ၊ ဘောပင်၊ ဗလာစာအုပ်၊ ကျောင်းသုံးပစ္စည်းများ တန်ဖိုးငွေကျပ် ၅၅၀၀၀၀ စုစုပေါင်းငွေကျပ် ၈၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနှင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၂)ရက် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့၏အရေးပါမှု

**အားမာန်(အလရ)**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ ကလေးအလုပ်သမားများ၏ အတိဒုက္ခများ၊ အခက်အခဲများနှင့် ၎င်းတို့ကို မည်သို့သော အကူအညီ အထောက်အပံ့ပေးနိုင်ရေးတို့ကို မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ပြီး နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့ကို "ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အဖြစ် သတ်မှတ်ကာ ၂၀၀၂ ခုနှစ်မှစတင်ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းကာ ကျင်းပဆောင်ရွက်လျက်ရှိရာ လူမှုတရားမျှတမှုများကို ရရှိစေရေးဖြစ်စဉ်တွင် ကလေးအလုပ်သမားပပျောက်ရေးသည် အရေးပါလှသော ရှုထောင့်တစ်ရပ်တွင် ပါဝင်နေသည်မှာ မုချဖြစ်ပေသည်။

ကလေးများအပါအဝင် လူသားတိုင်းဖွံ့ဖြိုးမှု၊ ကောင်းမွန်သော ပညာရေးနှင့်သင့်လျော်သော နေရာထိုင်ခင်းရရှိမှု အခွင့်အရေးရရှိစေရန်နှင့် လေးစားစွာ ဆက်ဆံခံရမှုရှိစေရန်ဖြစ်ပြီး အဆိုပါ လူမှုတရားမျှတမှု အယူအဆတွင် မည်သူမျှ ၎င်းတို့၏ အောင်မြင်မှုနှင့် ဖွံ့ဖြိုးမှုအတွက် ကလေးအလုပ်သမားများအား အသုံးချခြင်းမရှိစေရန် ဖြစ်ပါသည်။

နိုင်ငံတကာတွင် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အား ကျောင်းသားများနှင့် အသိုက်အဝန်းကြား တာဝန်ရှိမှု အသိအမြင်မြှင့်တင်ရန်နှင့် အသိပညာပေးမျှဝေမှုများ မြှင့်တင်ရန်ရည်ရွယ်၍ အခမ်းအနားများ ကျင်းပပြုလုပ်ကာ အသိအမှတ်ပြုကြပါသည်။ အဆိုပါနေ့တွင် ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ Theme Title ကို ဗဟိုပြုသော အသိပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများနှင့် အနုပညာနှင့် စာစီစာကုံးပြိုင်ပွဲကဲ့သို့ ဖန်တီးမှုရှိသော လှုပ်ရှားမှုများကို အသားပေး ကျင်းပပြုလုပ်ကြပါသည်။

ယခု ၂၀၂၄ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့၏ Theme Title မှာ Let's act on our commitment: End Child Labour! **"ကလေးအလုပ်သမား အဆုံးသတ်ရေး ကျွန်ုပ်တို့၏ ကတိကဝတ်အတိုင်း ဆောင်ရွက်ကြပါစို့"** ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၈ ဒသမ ၇ ကို လက်ခံကျင့်သုံးခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းသည် ၂၀၂၅ ခုနှစ်တွင် ကလေးအလုပ်သမားခိုင်းစေမှုပုံစံအားလုံး ပပျောက်ရေး ကတိကဝတ်များကို ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ကလေးအလုပ်သမားနှင့်သက်ဆိုင်သည့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၈၇ နိုင်ငံနှင့် ILO ပြဋ္ဌာန်းချက်အမှတ် ၁၃၈ ကို အဖွဲ့ဝင်နိုင်ငံ ၁၇၆ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့သည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှုဆိုင်ရာ ILO



ကလေးအလုပ်သမား။



အလုပ်လုပ်သော ကလေးသူငယ်။



အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်လျက်ရှိသော ကလေးအလုပ်သမား။

ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (၁၉၉၉) ကို နိုင်ငံတကာ အတည်ပြုလက်မှတ်ရေးထိုးသည့် ပထမဆုံးသော အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက် ကျင့်သုံးခြင်း၏ (၂၅)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းကို အလေးထား ဆောင်ရွက်ခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါသည်။

အခွင့်အလမ်းများ ဆုံးရှုံးနေသည့် သန်းပေါင်းများစွာသော ကလေးအလုပ်သမားများ၏ ငယ်ရွယ်နုပျိုမှု၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ ကလေးအလုပ်သမားများ၏ ပျံ့နှံ့နေသည့်ပြဿနာများကို အာရုံစူးစိုက်မှုရှိစေရန်အတွက် အဆိုပါနေ့သည် အရေးကြီးပါသည်။ ထို့ပြင် ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်သည့် လုပ်ဆောင်ချက်များတွင် ကလေးများ လုပ်ငန်းခွင်တွင်မရှိစေရဘဲ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် မူဝါဒများချမှတ်၍ အစိုးရ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းပါဝင်လာစေရေးအတွက် စည်းရုံးလှုံ့ဆော်ပေးပါသည်။

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့သည် ကလေးသူငယ်များ၏ အခွင့်အရေးချိုးဖောက်ခံရမှုကို အဆုံးသတ်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အာရုံစူးစိုက်မှုကိုရရှိပြီး ကလေးအလုပ်သမားများ၏ ပြဿနာကို ကူညီပေးရန် စုပေါင်းလုပ်ဆောင်မှုကို လှုံ့ဆော်ပေးပါသည်။ ယင်းနေ့သည် အဆိုပါပြဿနာအား ရင်ဆိုင်ဖြေရှင်းရန် အရေးပေါ်လိုအပ်ချက်၏ အသိပေးမှုတစ်ခုအဖြစ်ဆောင်ရွက်ပြီး အသိပညာပေးမှုနှင့် ထောက်ခံအားပေးမှု၊ အပြည်ပြည်ဆိုင်ရာ စည်းလုံးညီညွတ်မှု၊ မူဝါဒနှင့် ဥပဒေရေးရာဆောင်ရွက်ချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ကလေးသူငယ်အခွင့်အရေးများနှင့် လူမှုဘဝ ဖူလုံမှုစသည့်ကဏ္ဍများအား အလေးထားဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။

**ကလေးအလုပ်သမားဖြစ်ပေါ်လာမှု**

Child labour, Global Estimate 2020, Trends and The Road Forward အရ ဆင်းရဲနွမ်းပါးမှု တစ်ရာခိုင်နှုန်း တိုးလာသည်နှင့်အမျှ နိုင်ငံအသီးသီးတွင် ကလေးအလုပ်သမား အနည်းဆုံး ၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပေါ်လာစေနိုင်သည်ကို ဖော်ပြနေပြီး ကလေးသူငယ်ဦးရေ ၁၀ ဦးတွင် တစ်ဦးနှုန်း ကလေးအလုပ်သမားဖြစ်နေသောကြောင့် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမား စုစုပေါင်း ၁၅၂ သန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကလေးအလုပ်သမား စုစုပေါင်း သန်း ၁၆၀ ရှိသဖြင့် လေးနှစ်တာကာလအတွင်း ကလေးအလုပ်သမား ရှစ်သန်းကျော် တိုးလာပြီး ၎င်းတို့အနက် ၆ ဒသမ ၅ သန်းသည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိသားစုအားလုံးနီးပါး၏ စားဝတ်နေရေးအတွက် ကလေးအလုပ်သမားများက ကူညီဖြေရှင်းမှုယန္တရားတစ်ခုဖြစ်လာခဲ့ပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်တွင် ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမား ၈ ဒသမ ၉ သန်းနီးပါး တိုးလာသည်ဟု လေ့လာသိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နှစ်စဉ် လုပ်သားအင်အား စစ်တမ်းအစီရင်ခံစာ (ပထမအကြိမ်) အရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးဦးရေ ၁၂ ဒသမ ၃၃ သန်းအနက် အလုပ်လုပ်ကိုင်နေသော ကလေးဦးရေ သုည ဒသမ ၃၇ သန်း၊ ကလေးလုပ်သားဦးရေ သုည ဒသမ ၂၉ သန်းနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်များရှိ ကလေးလုပ်သားဦးရေ သုည ဒသမ ၂၅ သန်းရှိသည်ဟု သိရှိရပါသည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ကလေးအလုပ်သမားများကို အလုပ်ခိုင်းစေနေကြဆဲဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးအလုပ်သမားများကို ပိုမိုတွေ့မြင်ရပါသည်။ ကလေးအလုပ်သမားပုံစံအများစုတွင် စိုက်ပျိုးရေး၊ မိုင်းတူးဖော်ရေး၊ ထုတ်လုပ်ရေး၊ အိမ်အကူအလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။ ကလေးသူငယ်များသည် အများအားဖြင့် အခကြေးငွေအနည်းငယ် သို့မဟုတ် အခကြေးငွေမရရှိဘဲ အန္တရာယ်ရှိသောအခြေအနေတွင် လုပ်ကိုင်လျက်ရှိပါသည်။ အခြေခံအကြောင်းတရားများမှာ ဆင်းရဲနွမ်းပါးမှုနှင့် မိသားစုဦးရေများပြားမှု၊ အခြေခံပညာနိမ့်ပါးမှု၊ ရှေးရိုးစွဲလူမှုဓလေ့ထုံးစံများ လက်ခံကျင့်သုံးနေမှုတို့ဖြစ်ပြီး ယေဘုယျအကြောင်းတရားများအနေဖြင့် အကြောင်းခြင်းရာအလိုက် အမျိုးမျိုးရှိနိုင်၍ ဥပမာအားဖြင့် တိုင်းပြည်ရှိလူတစ်ဦးချင်း ဝင်ငွေနိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ မကြာခဏ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု၊ မိသားစုအတွင်း ကလေးများပြားခြင်းနှင့် မိမစုံ၊ ဖမစုံဖြစ်မှု၊ လူကြီးလုပ်သားရှားပါးခြင်းနှင့် လုပ်အားခသက်သာမှု၊ စစ်ပွဲများနှင့် ဒေသတွင်းပဋိပက္ခဖြစ်မှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှု၊ ပတ်ဝန်းကျင်၏ စည်းရုံးလှုံ့ဆော်မှု၊ ဥပဒေစည်းကြပ်ခြင်းအားနည်းမှု စသည်တို့ဖြစ်ပါသည်။

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု ဆိုလိုခြင်းမဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမား (Child Labour) ဆိုသည်မှာ ၎င်း၏ကလေးဘဝ၊ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကိုဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားရေးကို ထိခိုက်စေမည့် ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတန်မီကျောင်းမှ မဖြစ်မနေ ထွက်ရခြင်းနှင့် ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သောအလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ကိုင်နေရခြင်းတို့ ဖြစ်ပါသည်။

အလုပ်လုပ်သော ကလေးသူငယ်များ (Working Children) ဆိုသည်မှာ ကလေးသူငယ်များအနေဖြင့် နေအိမ်တွင်လည်းကောင်း၊ **စာမျက်နှာ ၁၅ သို့** ◆

**❝ အခွင့်အလမ်းများ ဆုံးရှုံးနေသည့် သန်းပေါင်းများစွာသော ကလေးအလုပ်သမားများ၏ ငယ်ရွယ်နုပျိုမှု၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ ကလေးအလုပ်သမားများ၏ ပျံ့နှံ့နေသည့်ပြဿနာများကို အာရုံစူးစိုက်မှုရှိစေရန်အတွက် အဆိုပါနေ့သည် အရေးကြီးပါသည်။ ထို့ပြင် ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်သည့် လုပ်ဆောင်ချက်များတွင် ကလေးများ လုပ်ငန်းခွင်တွင်မရှိစေရဘဲ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် မူဝါဒများချမှတ်၍ အစိုးရ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း ပါဝင်လာစေရေးအတွက် စည်းရုံးလှုံ့ဆော် ❞**

◆ စာမျက်နှာ ၁၄ မှ
မိသားစုပိုင် လယ်ယာအလုပ်ခွင်တွင် လည်းကောင်း၊ မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွင် လည်းကောင်း လုပ်ကိုင်ခြင်း သို့မဟုတ် အခြားဝန်မပိသော အလုပ်အကိုင်အမျိုးအစား (ကျန်းမာရေး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်အန္တရာယ်ဖြစ်ဖွယ်ရာမရှိသော အလုပ်အကိုင်၊ ကျောင်းတက်ခြင်း၊ လုပ်ပိုင်ခွင့်ရှိသော ဥပဒေအရ ခွင့်ပြုထားသည့် အသက်မွေးဝမ်းကျောင်း၊ လမ်းညွှန်သင်ကြားခြင်း သို့မဟုတ် လေ့ကျင့်သင်ကြားခြင်း အစီအစဉ်များတွင် ပါဝင်ခြင်း သို့မဟုတ် လက်ခံရရှိသော ညွှန်ကြားချက်များမှ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သည့် စွမ်းရည်ကို မထိခိုက်စေသောအလုပ်များ) လုပ်ကိုင်ရခြင်းဖြစ်ပါသည်။

အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်လျက်ရှိသော ကလေးအလုပ်သမားဆိုသည်မှာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ လူမှုရေးနှင့် ကိုယ်ကျင့်သီလကို ထိခိုက်စေပြီး အချိန်ကာလကြာမြင့်စွာနှင့်ပြင်းထန်စွာ လုပ်ကိုင်သည့်အလုပ်များအပါအဝင် ကလေးအား အန္တရာယ်ဖြစ်စေသည့် အလုပ်များကို လုပ်ကိုင်နေသည့် ကလေးအလုပ်သမားများ ဖြစ်ပါသည်။


မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ကလေးအလုပ်သမားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ကလေးအလုပ်သမားဥပဒေ သီးခြားမရှိသေးသော်လည်း စပ်ဆိုင်သည့်ဥပဒေများအနေဖြင့် ရာဇသတ်ကြီးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေတို့ဖြင့် ၎င်းတို့ကို အကာအကွယ်ပေးပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။

**ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပပြုလုပ်ခြင်း**

မြန်မာနိုင်ငံတွင်လည်း အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို Focal ဌာနအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် **"ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့"** အထိမ်းအမှတ် အခမ်းအနားများကို ပြည်သူများအကြား ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်များ၊ အသိအမြင်ဗဟုသုတများ ပိုမိုရရှိစေရန်အတွက် ၂၀၁၄ ခုနှစ်မှစတင်ပြီး ၂၀၁၉ ခုနှစ်အထိ (၆) ကြိမ်မြောက် ကျင်းပဆောင်ရွက်ခဲ့ပြီး အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများမှ အထိမ်းအမှတ် Statement ဖတ်ကြားခြင်း၊ Panel Discussion ပြုလုပ်ခြင်း၊ လူမှုအဖွဲ့အစည်းများမှ ကလေးအလုပ်သမားဆိုင်ရာ ပညာပေးဇာတ်လမ်းတိုများ သရုပ်ပြဖျော်ဖြေခြင်း၊ Video Clip ပြသခြင်း၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ စက်မှုဇုန်ရုံးများအလိုက် တာဝန်ခံစစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများရှိ လုပ်ငန်းပိုင်ရှင်၊ မန်နေဂျာ၊ ကြီးကြပ်သူများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများအား စည်းကြပ်ဥပဒေရှိ ကလေးအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီ(၈)ရပ် ဖွဲ့စည်းမှုပုံစံ




**ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှု**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် ILO Convention 182 ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတွင် စတင်အာဏာသက်ဝင်ကျင့်သုံးခဲ့ရာ မြန်မာနိုင်ငံရှိ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသော အလုပ်လုပ်သော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနသည် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်ပြီး အစိုးရဌာန၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ ILO၊ UNICEF တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အစိုးရဌာနများ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ရေးဆွဲခဲ့ပါသည်။

**အမျိုးသားအဆင့်လုပ်ငန်းစီမံချက်**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလတို၊ ကာလရှည် အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်သွားရန်နှင့် ကာလတို (၅) နှစ် စီမံကိန်း သုံးကြိမ်ဖြင့် ကာလရှည် (၁၅) နှစ်စီမံကိန်း သတ်မှတ်ဆောင်ရွက်သွားရန် လျာထားပြီး ပထမ (၅)နှစ် စီမံကိန်းအား ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း စသည့် ရည်မှန်းချက် (၆) ရပ်ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်သွားရန် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို မူအားဖြင့် အတည်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပထမ (၅) နှစ်စီမံချက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅) ခုအနက် ကနဦးစီမံချက် နယ်မြေများဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဦးစားပေးနယ်ပယ် (၂) ခု ဖြစ်သည့် စက်မှုကုန်ထုတ်ကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**အမျိုးသားကော်မတီဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဒုတိယသမ္မတ (၁) ဦးဆောင်ပြီး အဖွဲ့ဝင် ၃၇ ဦး ပါဝင်သည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန် (၈) ရပ် သတ်မှတ်ကာ စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၃၆ ဦးဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၃) ဖြင့် သတ္တမအကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစီမံချက်ကို အမျိုးသားအဆင့် လုပ်ငန်းကော်မတီ (၈)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတများတိုးမြင့်လာစေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လိုအပ်သည့်ဥပဒေများကို ပြင်ဆင်ရေးဆွဲရန်၊ ကလေးအလုပ်သမား ပြဿနာအပေါ် ဖြေရှင်းနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ တာဝန်ဝတ္တရားများ ချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန် ဖြစ်ကြောင်း သိရှိရပါသည်။

**အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ကာလတို ပထမ(၅)နှစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၁၉ – ၂၀၂၃ ခုနှစ်) အား ဦးစားပေးလုပ်ငန်းကဏ္ဍ (၂)ခုဖြစ်သည့် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများတွင် အသက် (၁၄)နှစ်အောက်နှင့် (၁၄)နှစ်မှ (၁၈) နှစ်အကြား အုပ်စု (၂)စုခွဲခြားပြီး ကလေးအလုပ်သမားပပျောက်ရေးအတွက် အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီ (၈)ရပ်တို့မှ အညွှန်းကိန်းရလဒ်များရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမငါးနှစ်စီမံချက် (၂၀၁၉ – ၂၀၂၃ ခုနှစ်) ၏ ဦးစားပေးစီမံကိန်းနယ်မြေ (၅) ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် သာမက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ကလေးလုပ်သား စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း၊ အသိပညာပေးလုပ်ငန်းများအနေဖြင့် ပြည်သူ့စကားဝိုင်းအကြိမ် (၂၀)၊ Talk Show (၆၇) ကြိမ်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ (၅၉၂) ကြိမ်၊ ဟောပြောပွဲ (၁၉၂) ကြိမ်၊ ဝတ္ထု လေးပုဒ်၊ ကာတွန်းဇာတ်လမ်း သုံးပုဒ်၊ အသိပညာပေးဆောင်းပါး (၁၁) ပုဒ်ကို အများပြည်သူ သိရှိနိုင်စေရေး ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးခြင်း၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် အခြေခံပညာနှင့် သက်မွေးပညာများကို ဒေသအလိုက် သင်ကြားဆောင်ရွက်ခြင်း၊ ဘာသာရပ် (၁၀)ခုကို ကလေးဗဟိုပြုချဉ်းကပ်နည်း အပါအဝင် ထိရောက်သော သင်ကြားသင်ယူမှုနည်းများကို အသုံးပြု၍ သင်ကြားနိုင်စေရန် ကျောင်းသားကိုင် ဖတ်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များကို ရေးသားပြုစုဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအား ဖန်တီးပေးရာတွင် စက်မှုလက်မှု၊ စားသောက်ကုန်ထုတ်လုပ်မှု၊ အလှပြင်သင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသော ကာလတို သက်မွေးပညာသင်တန်းများကို ရွေ့လျားသင်တန်းစနစ်ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကလေးလုပ်သား စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း၊ အသိပညာပေး ဆောင်ရွက်နိုင်မှုအနေဖြင့် Talk Show (၅၁၂) ကြိမ်၊ နံရံကပ်စာစောင် အကြိမ် (၆၂၀)၊ သတင်း (၁၅၉) ပုဒ်၊ ဆောင်းပါး (၁၅) ပုဒ်၊ ကာတွန်းငါးပုဒ်၊ ဝတ္ထုလေးပုဒ်၊ ဆွေးနွေးပွဲ (၁၄) ကြိမ်၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများအား ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှအပ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ သင်ကြားပို့ချခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ **စာမျက်နှာ ၁၆ သို့ ◆**

◆ စာမျက်နှာ ၁၅ မှ

ဖန်တီးပေးရာတွင် လူဦးရေ ၂၈၉၅၆၉ ဦးအား အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းအနေဖြင့် ကလေးအလုပ်သမား ၂၉ ဦးအား အထောက်အပံ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကလေးလုပ်သား စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း၊ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား Talk Show အကြိမ်(၅၈၀)၊ နံရံကပ်စာစောင် (၁၇၂၃) ကြိမ်၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း (၄၅) ကြိမ်၊ ခေတ်ပုံ/ စာအုပ်စာစောင်ပြပွဲ (၇၂) ကြိမ်၊ ဆွေးနွေးပွဲ (၁၉) ကြိမ်၊ ဟောပြောပွဲ (၄၆၈) ကြိမ်၊ အသိပညာပေးနိုင်ခဲ့ခြင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၂၅၆) ကြိမ်၊ အားကစား/ ကိုယ်လုံပညာသင်တန်း (၁၂၅) ကြိမ်၊ မြေစိုက်ပိုစတာ ကိုးခု စိုက်ထူခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများအား သင်ကြားပို့ချနိုင်မှုအနေဖြင့် ချင်းပြည်နယ်မှအပ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပို့ချခဲ့ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် သက်မွေးဝမ်းကျောင်းပညာ သင်တန်းအမျိုးအစား (၃၀)ကို လုပ်ငန်းကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လူဦးရေ စုစုပေါင်း ၁၉၅၆၂ ဦးအား အလုပ်အကိုင်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းအနေဖြင့် ကလေးသူငယ် ၁၃ ဦးအား အထောက်အပံ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်**

ပထမ (၅)နှစ်စီမံချက် လုပ်ငန်းဆောင်ရွက်ချက်သည် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်တစ်ခုလုံး အောင်မြင်စေရန် အလွန်အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည့်အတွက် အမျိုးသားကော်မတီအနေဖြင့် ၂၀၁၉ ခုနှစ်မှစတင်၍ ၂၀၂၃ ခုနှစ်ကာလအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ပထမ (၅)နှစ် စီမံချက်၏ ရည်မှန်းချက်များအပေါ် ရလဒ်ကောင်းများရရှိစေရန် လုပ်ငန်းတာဝန်များနှင့်အညီ ရေရှည်စီမံချက်၊ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်၍ ဒုတိယငါးနှစ် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) ကို ရေးဆွဲ၍ ထိရောက်အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

**ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်အောင်မြင်ဖို့ လက်တွေ့လုပ်ဆောင်ကြပါစို့**

နိုင်ငံတော်အနေဖြင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကို နိုင်ငံတော်၏ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ခဲ့ပြီး အမျိုးသားကော်မတီသည် ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းစဉ်နှင့် စီမံချက်များအတိုင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့နှင့် အထိမ်းအမှတ်လှုပ်ရှားမှုများအား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ယခုနှစ် ဆောင်ပုဒ်ပါ ရည်မှန်းချက်အတိုင်း ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ပိုမိုအလေးထားလုပ်ဆောင်သွားကြမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

○ ကျောဖုံးမှ

ထိုသို့ ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်းအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www. myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူဦးရေ ၁၂၈၈၂၀၊ အောင်မြင်သူဦးရေ ၇၄၅၉၂ ဦး၊ အောင်ချက်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိဇ္ဇာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းကို ထုတ်ပြန်ထားရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **သတင်းစဉ်**

## မွန်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သူ ၅၉ ဒသမ ၀၈ ရာခိုင်နှုန်းရှိ



**မော်လမြိုင် ဇွန် ၁၁**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများစာရင်းကို ယနေ့နံနက်ပိုင်းက ထုတ်ပြန်ကြေညာခဲ့ရာ မွန်ပြည်နယ်အတွင်း ဖြေဆိုအောင်မြင်သူ ၅၉ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့နယ်တွင် အောင်မြင်သူ ၆၇ ဒသမ ၁၃ ရာခိုင်နှုန်း၊ ချောင်းဆုံမြို့နယ်တွင် အောင်မြင်သူ ၆၃ ဒသမ ၃၁ ရာခိုင်နှုန်း၊ ကျိုက်မရောမြို့နယ်တွင် အောင်မြင်သူ ၅၇ ဒသမ ၄၃ ရာခိုင်နှုန်း၊ မုဒုံမြို့နယ်တွင် အောင်မြင်သူ ၆၄ ဒသမ ၈၄ ရာခိုင်နှုန်း၊ သံဖြူဇရပ်မြို့နယ်တွင် အောင်မြင်သူ ၅၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ ရေးမြို့နယ်တွင် အောင်မြင်သူ ၁၅ ဒသမ ၈၉ ရာခိုင်နှုန်း၊ သထုံမြို့နယ်တွင် အောင်မြင်သူ ၅၉ ဒသမ ၆၉ ရာခိုင်နှုန်း၊ ပေါင်မြို့နယ်တွင် အောင်မြင်သူ ၆၀ ရာခိုင်နှုန်း၊ ကျိုက်ထိုမြို့နယ်တွင် အောင်မြင်သူ ၆၂ ဒသမ ၄၇ ရာခိုင်နှုန်း၊ ဘီးလင်းမြို့နယ်တွင် အောင်မြင်သူ ၆၂ ဒသမ ၀၉ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် အောင်မြင်သူ ၅၉ ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၄၇ ဦး ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၁၀ | ၂၇၂၀ | ၃၁၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ဆီဆိုင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

**ဆီဆိုင် ဇွန် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများစာရင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက သက်ဆိုင်ရာစာစစ်ဌာနများဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့နယ်ပညာရေးမှူးရုံးတို့တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ၉၁ ဦး၊ ကျောင်းသူ ၁၇၃ ဦး စုစုပေါင်း ၂၆၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ကျောင်းသား ၁၇ ဦး၊ ကျောင်းသူ ၆၄ ဦး စုစုပေါင်း ၈၁ ဦး အောင်မြင်ခဲ့၍ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးထွက်ရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၀ ဒသမ ၆၈ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နေမင်း(ဆီဆိုင်)**

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးနှင့် စေတီယင်္ဂဏနိဗဒ္ဓဆရာတော်ကြီးများအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုခြင်း ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးတစ်ပါးနှင့် စေတီယင်္ဂဏနိဗဒ္ဓ ဆရာတော်ကြီး နှစ်ပါးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သင်ကြားစီမံပါမောက္ခဌာနမှူး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ ဘဒ္ဒန္တမာနိတာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးကျော်ဇေယျက ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာစကား လျှောက်ထားသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို အခမ်းအနားမှူးက ဖတ်ကြားလျှောက်ထားပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမာနိတာဘိဝံသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာရဒါဘိဝံသ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဩဘာသာဘိဝံသတို့ထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ရေးသားပူဇော်သည့် သုတ္တန်ပါဠိတော်များစာအုပ်အတွက် အလှူရှင်သုံးဦးတို့က ကျသင့်ငွေကျပ် ၁၃၅၀၀၀၀ ကို လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ(ဝဋံသကာ) ပါဠိပါရဂူ စေတီယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဇော်မင်းလတ်(သတင်းစဉ်)**

# မုံရွာမြို့၌ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့်သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မုံရွာ ဇွန် ၁၁**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ စိုက်ဧကပြည့်မီစွာ စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိုးရာသီတွင် စိုက်ပျိုးရမည့် သီးနှံများအား လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများအောင်မြင်ဖြစ်ထွန်းမှုရှိစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများအား ယခုအချိန်မှစတင် ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ယခုလိုမိုးရာသီ စိုက်ဧကများ လျာထားချက်ပြည့်မီရေး ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးသီးနှံများ၏ စိုက်ပျိုးမြေဧရိယာအသုံးချမှု တိုးတက်ရေး၊ တစ်ဧကထုတ်လုပ်မှု စွမ်းအားတိုးတက်ရေးနှင့် အဓိကစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးကိုလည်း တစ်ချိန်တည်းမှာ ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံက စပါးမျိုးစေ့ မျိုးသန့်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (ဆည်မြောင်း)၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ စိုက်ဧကပြည့်မီစွာ စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မိမိတို့ဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူတစ်ဦးထံ မိုးစပါးမျိုးစေ့များအား ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်က ဒေသခံတောင်သူတစ်ဦးထံ နေကြာမျိုးများအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ရုံးဝင်းအတွင်းရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးပြခန်း၊ စားသုံးသူရေးရာဦးစီးဌာနပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာနပြခန်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❐ **ONE Friday Fights မှ**

မိုးထက်အောင်မှာမူ ONE Championship အဖွဲ့အစည်းနှင့် လက်တွဲပြီးနောက် ONE Friday Fights ပြိုင်ပွဲတွင် ဒုတိယမြောက်ထိုးသတ်ခြင်းဖြစ်ပြီး ပထမဆုံးပွဲအဖြစ် မတ်လကုန်ပိုင်းက ကျင်းပသည့် ONE Friday Fights-57 တွင် ဂျပန်ဖိုက်တာ မာရုယာမာနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ တတိယအချီတွင် အလဲထိုးအနိုင်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ONE Championship**

**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး အလှတိုး**

# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပါဝင်လာစေရန်နှင့် ညီညွတ်၍ သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းဆိုင်း ("ဝ"ကျေးရွာ) COMMUNITY BASED TOURISM (CBT) ကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သစ်ပင်ပျိုးပင်များအား သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြပြီး ဌာနဆိုင်ရာအလိုက် သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမြင့်နှစ်ပေနှင့် အထက်ရှိသည့် ပိတောက်၊ ခရေ၊ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဲဇလီ၊ ပန်းမဲဇလီနှင့် ပျဉ်းမ စသည့် သစ်မျိုးကိုးမျိုး စုစုပေါင်း ပျိုးပင် ၁၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်း မဖြစ်သေးသောတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန် ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့်တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာန က တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက် တံဆိပ်ပါရက်စွဲ တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာ တင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files)များကို ပြည်တွင်း အခွန်များဦးစီး ဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

**(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန်ဖြစ်ပါသည်။)**

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင် လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့်ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ် ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန် ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏လက်မှတ်မှတ်တမ်း (မူရင်း) ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာ တင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက် နိုင်ပါသည်-

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄အိပ်ချ်အိုင်)၊ မြေကွက်အမှတ်(၁၄၉)(ဂ.၂၃ဧက)၊ မြေကွက်တည်နေရာအမှတ်(၁၄၃)၊ စက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (ဒေါက်တာကြူကြူဆွေ [၁၃/ကဟန(နိုင်)၀၀၀၇၉၁] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါက်တာစိုင်းစံဝင်း [၁၃/ကဟန(နိုင်)၀၀၀၇၉၀] အမည်ပေါက် ဒေါ်ကြူကြူဆွေ၊ ဒေါက်တာစိုင်းစံဝင်း တို့ (၂)ဦး အနက် ခင်ပွန်းဖြစ်သူ ဒေါက်တာစိုင်းစံဝင်းသည် ၁-၆-၂၀၂၂ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူဆွေ [၁၃/ကဟန(နိုင်)၀၀၀၇၉၁]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး အခြားမည်သူမျှ အမွေဆက်ခံပိုင်ဆိုင်ခွင့် မရှိပါကြောင်း ၂၂-၁-၂၀၂၄ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကကမြင့်ဝင်း (ကိုယ်ပိုင်အမှတ်-၄၉၉၆၄၅)၊ မှတ်ပုံတင်အမှတ်[PYU- ၁၃၉၂၈၇]၊ အဖအမည် ဦးစိန်ဝင်း အမည်ပေါက် ပါမစ်မြေကွက်အမှတ်ပစ(င) ၄၃၂ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံညီဖြစ်သူ ဦးမြင့်တင်မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၁၆၃၇၁၈] အဖအမည် ဦးစိန်ဝင်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကကမြင့်ဝင်း သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၀)၊ မြေကွက်အမှတ်-(၃၂၈-အေ) ရန်ကြီးအောင်လမ်း၊ အိမ်အမှတ်-(၁၈)၊ အလျား(၂၀)ပေ× အနံ(၆၀)ပေ၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစံထွန်းဦး(၁၂/ဗတထ(နိုင်)၀၂၈၀၅၈)မှ အမည်ပေါက်ပြီး ဒေါ်သီသီစိုး (၁၂/မရက(နိုင်)၁၄၀၂၁၇)မှ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာသိန်း(၇/မလန(နိုင်)၀၀၂၀၁၇)မှ စရံငွေပေး ချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် | ဒေါ်လှိုင်ယဉ်မွန်
LL.B., D.B.L., WIPO-101(Switzerland) | LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်အရှေ့ပိုင်းခရိုင်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မလစ်အရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၀၄)၊ နဘဲပင်ကွင်း မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလလယ်လုပ်ပိုင်ခွင့်ရရှိသူ ဦးသန်းစိုး၏လယ်မြေ(၂၇.၆၅၃)ဧကမှအမည်ပေါက်ပြီး ဒေါ်ဥမ္မာသန်း (၁၂/သဃက(နိုင်)၀၄၁၆၄၇)မှ လယ်လုပ်ကိုင်ခွင့်အား လွှဲပြောင်းဝယ်ယူထားပြီး၊ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ ထပ်ဆင့်၍ လွှဲပြောင်းဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် | ဒေါ်လှိုင်ယဉ်မွန်
LL.B., D.B.L., WIPO-101(Switzerland) | LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

### ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ လေးကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်နှင့်အမည် (၆၀၉-ဂုံမင်းမြောင်ကွင်း)၊ ဦးပိုင်အမှတ်(မ/၁၁)၊ ဧရိယာ-(၅.၉၀ဧက)၊ ဦးပိုင်အမှတ်(မ/၁၂)၊ ဧရိယာ(၁.၄၂)ဧက၊ ဦးပိုင်အမှတ်(မ/၅၆)၊ ဧရိယာ(၃.၅၀)ဧက၊ ဥယျာဉ်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အင်္ဂပူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁။ (၂၅.၉.၂၀၁၃)ရက်စွဲပါစာအမှတ်(၀၉၂/လယ-၄)၊ ၂။ (၁၉.၁၁.၂၀၁၄)ရက်စွဲပါ စာအမှတ် ၂၁၂/၂၀၁၄(ခရိုင်လယ်စီ)၊ ၃။(၂၅.၉.၂၀၁၃)ရက်စွဲပါစာအမှတ်(၀၉၂/လယ-၄)တို့အရ ဦးစိုင်းဟန်လင်း(၁၂/စခန(နိုင်)၀၆၅၂၀၆)မှ ဥယျာဉ်မြေလုပ်ကိုင်ခွင့်ပြုလက်မှတ်(လယ်ယာမြေပုံစံ-၇) ရရှိထားပြီး၊ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုဟာမက်ဂျာဝိဒ်(၁၂/ပဘတ(နိုင်)၀၀၁၉၄၅)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် | ဒေါ်လှိုင်ယဉ်မွန်
LL.B., D.B.L., WIPO-101(Switzerland) | LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၉)၊ မြေကွက်အမှတ်-(၃၃၄)၊ မင်းတပ်လမ်း၊ အလျား(၄၁)ပေ× အနံ(၆၃)ပေ၊ ဧရိယာ(၀.၀၅၉)ဧက၊ အကျယ်အဝန်း(၂၅၈၃)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်ကျော် (၁၂/ဗဟန(နိုင်)၀၇၅၃၅၄)မှ အမည်ပေါက်ပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဇင်ထွန်း(၁၂/ဒဂရ(နိုင်)၀၀၃၀၆၄)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် | ဒေါ်လှိုင်ယဉ်မွန်
LL.B., D.B.L., WIPO-101(Switzerland) | LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်စန်းထွေး၊ မှတ်ပုံတင်အမှတ်[၁၂/ဥကတ(နိုင်)၀၃၉၅၃၇]၊ အဖအမည် ဦးမြမောင် အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အမှတ်(ပ-၃၃၆၉၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၆၂/၂၀၂၃) (၂၃-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိထားသူ ဦးနေဝင်းထွန်း မှတ်ပုံတင်အမှတ်[၇/သနပ(နိုင်)၀၇၀၈၈၇]၊ အဖအမည် ဦးသန်းဝင်းမှ ဦးဝေဖြိုးအောင်၊ မှတ်ပုံတင်အမှတ် [၅/အရတ(နိုင်)၁၀၆၀၅၅]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ်၊ ၃-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ ပေ x ၄၃ ပေ) ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်အာကာထူး [၁၂/ဒလန(နိုင်)၀၄၈၅၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**

**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် (၅၈)၊ အကွက်အမှတ် (၅)၊ သန်လျင်ဈေးတန်းကွက်၊ ဦးပိုင်အမှတ် (၂၃/ခ)၊ ဧရိယာ (၀.၀၉၆)ဧကအား ပိုင်ဆိုင်သူ ဒေါ်တင်မြိုင်သည် အပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့် တူမအရင်းဖြစ်သော ဒေါ်အေးယုန္တယ် [၁၂/သလန(နိုင်)၀၁၀၀၉၇] က မြို့နယ်မြေစာရင်းဦးစီးဌာန၊ သန်လျင်မြို့တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုမည်ဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသက်လွင်ဦး (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅)(၃-၄-၂၀၁၂)**

**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၀၂၁၄၂၂၊ ၀၉-၉၆၅၀၂၁၄၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၅၆၃) ဦးမြင့်စိန် (TKN-037089) နှစ်(၆၀)မြေငှားဂရန်မူရင်းမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ ပေ x ၆၀ ပေ) ရှိ ဂရန်မူရင်း မြေကွက်နှင့်အိမ်မှ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလုံးအား အရပ်ကတိစာချုပ်မူရင်းအဆက်ဆက်များနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ဌေးဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာထွန်း [၁၂/ဒဂန(နိုင်)၀၁၉၉၄၃] ဆိုသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာလာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာခြည်သက် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**

**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ တိုက်အမှတ်(၂၉)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၆ ပေ x ၆၀ ပေ) ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဦးကျော်မင်း [၁၁/သတန(နိုင်)၀၆၀၈၈၇] နှင့် ဒေါ်ထူးသဉ္ဇာမြင့် [၁၁/သတန(နိုင်)၀၅၉၃၀၉] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်ဝင်း (B.A, H.G.P, C.B.L, D.B.L, D.M.L)**

**အထက်တန်းရှေ့နေ (စဉ်-၆၀၈၂/၈၂)**

**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**

**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၇၈၇၉၂၇၁၉၉**

## "အများသိရှိစေရန်ကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၉၉၅-အကျော်ကြီး)၊ ဦးပိုင်အမှတ်(၃၀/၇)၊ ဧရိယာ(၀.၁၂)ဧကရှိ ဥယျာဉ်မြေအမျိုးအစားမြေကွက်အနက်မှ ခေါင်းရင်းခြမ်း(၄၄ ပေ x ၁၁၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အဝဝကို ဦးသိန်းအောင် [၁၄/ပသန(နိုင်)၁၂၂၀၄၈] မှ (၃-၆-၂၀၁၅)ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ် အပြီးသတ်စာချုပ်ချုပ်ဆိုပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်ဦး [၁၂/လမန(နိုင်)၁၂၄၁၆၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဒါယူစီ** | **ဒေါ်ဆုလဲ့လဲ့နိုင်** |
| **အထက်တန်းရှေ့နေ(စဉ်- ၅၃၀၉၇)** | **အထက်တန်းရှေ့နေ(စဉ်- ၅၅၂၅၄)** |

**အမှတ်(၂၅၁)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-09-260005183**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၂၃၁)ဟုခေါ်တွင်သော (၂၀ x ၄၀)ပေ မြေပေါ်တွင် ဆောက်လုပ်ထားသော မှန်ခန်းအပေါ်ထပ် (၃)လွှာတိုက်ခန်းနှင့် မြေပိုင်ဆိုင်မှု (၁၀ x ၄၀)ပေအား လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသည့် ဒေါ်မိုးသူဇာ [၁၂/မရက(နိုင်)၀၂၆၃၅၆]၊ ဒေါ်ရွှေရည်ဝင်း [၁၂/မရက(နိုင်)၁၅၇၀၅၄]၊ ဒေါ်အေးအေးမူ [၁၂/မရက(နိုင်)၀၂၇၂၇၁] နှင့် ဒေါ်မိမိမော်[၁၂/မရက(နိုင်)၁၂၆၉၃၆] တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာမြင့် [၅/ဝလန(နိုင်)၀၆၅၉၀၂] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစိုးတင့်** | **ဒေါ်ခင်မိုးသူ** | **ဒေါ်ခင်သန္တာချို** |
| **(စဉ်-၃၆၀၈၆)** | **(စဉ်-၈၅၂၁/၁၂)** | **(စဉ်-၁၈၈၂၅/၂၃)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေများ** | |

**ဖုန်း-၀၉-၇၉၁၈၅၉၁၂၈**

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ သစ္စာ (၉)လမ်း၊ မြေကွက်အမှတ် (၃၇၉)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ဦးကျော်ဦး(ခ)ဦးကျော်လွင် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ ခြေရင်းခြမ်း(ပါမစ်မိတ္တူခြမ်း) အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်လှိုင်(LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)**

**အမှတ်-(၂၈၂)၊ မင်းခေါင်-၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၄၂၁၁၃၁၉၀၂**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာနေ ကိုအောင်မြင့်သန်း [၅/တဆန(နိုင်)၁၃၀၂၈၃] နှင့် မနွယ်နွယ်အေး [၅/တဆန(နိုင်)၁၈၃၅၁၂] တို့သည်(၂၀၁၇) ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် (၃၀-၅-၂၀၂၄)ရက်နေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ပြုလုပ်ချုပ်ဆိုပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ဘဲ နောက်နောင်ကိုလည်း တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်မြင့်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသန်းနိုင်စိုး(LL.B.)** | **ဦးသိန်းနိုင်စိုး(LL.B.)** | **ဦးဝေဖြိုးထက်(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် -၁၈၈၃၅)** | **(စဉ်-၅၃၆၉၇)** | **(စဉ်-၄၉၀၅၆)** |

**အမှတ်(၁၀၄)၊ (A-2) ဒုတိယထပ်၊ အာသောကလမ်း၊ လှိုင်မြို့နယ်။**

**ဖုန်း-၀၉-၄၀၀၅၂၄၀၈၅၊ ၀၉-၂၅၄၉၂၈၅၉၈**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပါတ် (၂) လမ်း၊ မြေကွက်အကျယ် (အနံ ၂၅ ပေ x အလျား ၂၂/၄၅ ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ်-၆ ဟုခေါ်တွင်သည့် နှစ်ထပ်အုပ်ညှပ်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အပိုင်ရောင်းချသူများ၏ မိခင်ဖြစ်သူ ဒေါ်တင်မှီ [၁၂/အစန(နိုင်)၀၄၂၃၈၄] ထံမှ မိသားစု အမွေစွန့်လွှတ်ပေးကမ်းခြင်းကို လက်ခံရယူခြင်း ကတိစာချုပ်အရ အထက်ဖော်ပြပါမြေကွက်နှင့် အိမ်အား လက်ရှိထားပိုင်ဆိုင်ပြီး အမှန်တကယ် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသည့် အပိုင်ရောင်းချသူ ဦးမျိုးဝင်းသန်း [၁၂/ အစန(နိုင်)၁၅၅၁၅၇] နှင့် ဦးမြင့်သိန်း [၁၂/အစန(နိုင်)၀၄၄၆၈၂] တို့ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ဖြူ ( LL.B, D.B.L, D.I.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)**

**အမှတ်-၅၁၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး ။ ဖုန်း-၀၉-၅၀၈၆၁၈၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ် ( - )၊ မြေကွက်အမှတ် (၂၈၂-က)၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း ( ၂၀ x ၆၀ ) ပေ၊ ဧရိယာ (၀. ၀၂၇၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။ [(ယခုအခေါ်) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ(၂၀)လမ်း၊ အမှတ် (၂၈၂/က)၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း (၂၀ x ၆၀) ပေ၊ (၁၂၀၀)စတုရန်းပေရှိသော မြေနှင့်အိမ်အပါအဝင် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။] တို့အား လက်ရှိ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူများ ဦးကျော်ဝဏ္ဏ [၁၂/အလန(နိုင်)၀၂၈၅၆၀] နှင့် ဒေါ်ခင်သီတာသိန်း [၁၂/အလန (နိုင်) ၀၂၈၅၆၁] တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မေသန်းဦး [၁၂/မဂတ (နိုင်) ၀၄၂၅၃၄] နှင့် ဒေါ်အေးအေးကြည် [၁၂/မဂတ (နိုင်) ၀၄၃၂၃၅] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့် အိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စန်းစန်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**

**ရုံးအမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပန်းရောင်ကတ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝဏ္ဏ [၁၂/ဒဂမ(နိုင်)၀၁၉၉၉၀] ပန်းရောင်ကတ်အမှတ်စဉ် (533652) သည် ပျောက်ဆုံးကြောင်း ကြော်ငြာပါသည်။

**Ph:09-891165353**

## ★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

**09-43088052**

**09-260660405**

**09-421067330**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မော်လမြိုင်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၀ နှင့်ဆက်သွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၅**

| | | |
|---|---|---|
| ဦးမျိုးမင်းဦး | နှင့် | ဒေါ်ခိုင်ဆူးဆူးသဲထက်(ခ)ဒေါ်သဲသဲအိခိုင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဒေါ်ခိုင်ဆူးဆူးသဲထက်(ခ)ဒေါ်သဲသဲအိခိုင်၊ အမှတ် (၄၉၈)၊ အောက်လမ်းမကြီး ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမျိုးမင်းဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ပန်းစိန်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မော်လမြိုင်ခရိုင်တရားရုံး**

## "Myanmar National Post သတင်းမီဒီယာအဖွဲ့နှင့် အများသိစေရန် ကြေညာခြင်း"

Myanmar National Post သတင်းမီဒီယာအဖွဲ့ (၄-၆-၂၀၂၄) ရက်နေ့က https://www.mmnationalpost com/2024/06/blog-post 33.html မှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါက်တာဒေါ်ခင်ခင်စိုး [မှတ်ပုံတင်-၁၂/ဗတထ(နိုင်)၀၃၂၄၆၀] အပေါ်တွင် ဝက်ဆိုက်မှာဖော်ပြထားသော ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၄၂၁/D၊ ဧရိယာ ၁.၈၃၆ အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး မြို့ပြစီမံခန့်ခွဲရေးဌာနတွင် ပိုင်ဆိုင်မှုအထောက်အထားဖြင့် တရားဝင်ဝယ်ယူထားသည်ကို သိရှိပါလျက်နှင့် ကျွန်ုပ်အမှုသည်၏အမည်အား ဂုဏ်သိက္ခာကျဆင်းရန်အတွက် ဝက်ဆိုက်တွင် ဓာတ်ပုံနှင့်တကွဖော်ပြထားခြင်းနှင့် အများပြည်သူများ နေထိုင်လျက်ရှိသောမြေများကို အတင်းအဓမ္မ ခြံစည်းရိုးများကာရံ၍ လုယူသိမ်းပိုက်လျက်ရှိကြောင်း ဝက်ဆိုက်မှဖော်ပြထားခြင်းသည် Myanmar National Post သတင်းမီဒီယာများအနေဖြင့် ကျွန်ုပ်၏အမှုသည်အား ဂုဏ်သိက္ခာကျဆင်းခဲ့သည့်အပြင် ဖော်ပြထားသော Myanmar National Websites Post ၌ နည်းမျိုးစုံဖြင့်ဖော်ပြထားသည့် အထောက်အထားများကို ဝက်ဆိုက်မှတစ်ဆင့် ကူးယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်မှ ကျူးကျော်နေထိုင်လျက်ရှိသူ (၉၉)အိမ်ထောင်အား တရားဝင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပြီး ကျေကျေနပ်နပ်ဖြင့်ဖယ်ရှား၍ လက်ရောက်ရယူထားကာ လုံခြုံမှုအတွက် ခြံစည်းရိုးခတ်ထားပြီးဖြစ်ပါသည်။ ဂရန်အတုများပြုလုပ်ထားသည်ဟုလည်း မမှန်မကန်စွပ်စွဲထားပါသည်။

သို့ပါ၍ အဆိုပါကိစ္စနှင့်ပတ်သက်၍ သတင်းမီဒီယာအဖွဲ့မှ ကျွန်ုပ်၏အမှုသည်အပေါ် မမှန်မကန်သတင်းဖော်ပြလုပ်ဆောင်ချက်အပေါ် ဂုဏ်သရေပျက်စေရန်အတွက် မမှန်မကန်သတင်းမှားများအား လူမှုကွန်ရက်၌ ဖော်ပြချက်သည် (Fake out new) သတင်းမှားဖြစ်ပါသည်။ သို့ပါ၍ လူကြီးမင်းတို့အပေါ် အီလက်ထရောနစ်ဥပဒေပုဒ်မ-၃၀ အပြင်၊ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)အရသော်လည်းကောင်း၊ သတင်းမီဒီယာဥပဒေအရသော်လည်းကောင်း၊ ဂုဏ်သရေပျက်မှု ရာဇသတ်ကြီးဥပဒေပုဒ်မ-၅၀၀ နှင့် တည်ဆဲဥပဒေအရ တရားမကြောင်းအဖြစ် နစ်နာကြေးများပေးအပ်ရန် တာဝန်ရှိပါ၍ အဆိုပါကိစ္စနှင့် ပတ်သက်၍ လူကြီးမင်းတို့နောက်ကွယ်မှ အားပေးအားမြှောက်ပြုသောသူများ၊ မမှန်မကန် မြေကွက်ကို ကျူးကျော်ခဲ့သူများနှင့် အဓိကဂုဏ်သရေပျက်အောင် ပါဝင်ပူးပေါင်းကျူးလွန်သူများကို ဖော်ထုတ်ပြီး ကျွန်ုပ်၏အမှုသည်အား ဝက်ဆိုက်၌ ဖြေရှင်းဖော်ပြခြင်း၊ Myanmar National Post သတင်းမီဒီယာအဖွဲ့နှင့် အဖွဲ့လိုက် လာရောက်တောင်းပန်ဖြေရှင်းရန်နှင့် လူမှုကွန်ရက်သတင်းတွင်ပါပြီး (၇)ရက်အတွင်း ဆောင်ရွက်ဖြေရှင်းခြင်းမပြုပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်၍ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်ပေးသူ ဒေါက်တာခင်ခင်စိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးသောင်း**

**(တရားလွှတ်တော်ရှေ့နေ)**

**(စဉ်-၁၃၄၄)**

**B.A (Law) LL.B, D.B.L, B.D.S, D.M.L, D.I.L (WIPO),**

**D.L.P, Switzerland, Ph:09-421031639**

| | | |
|---|---|---|
| **ဦးညီညီအေး** | **ဦးကျော်လင်းမြတ်** | **ဒေါ်သက်သက်အောင်** |
| **(စဉ်-၁၆၃၀၀)** | **(စဉ်-၁၅၇၈၉)** | **(စဉ်-၁၃၉၅၁)** |
| | **တရားလွှတ်တော်ရှေ့နေများ** | |
| **ဒေါ်လှကြည်(ခ)ဒေါ်ဝင်းဝင်းခိုင်** | **ဦးချစ်စံ** | **ဦးဇော်လင်းထွန်း** |
| **(စဉ်-၁၁၀၆၁)** | **(စဉ်- ၅၁၁၈၇)** | **(စဉ်-၅၅၇၁၁)** |
| | **အထက်တန်းရှေ့နေများ** | |




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန်–သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း Star City Condominium, Zone (A) ,Building A–5, Level–2, Unit No (213), Type (2BR)၊ ဧရိယာ (၉၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး၊ ကိုယ်ပိုင်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအောင်ပြည့်စုံ [၁၂/တမန(နိုင်)၁၀၃၇၄၉] နှင့် ဒေါ်သုနန္ဒီနွယ် [၁၂/မရက(နိုင်)၁၄၈၆၁၉] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးလွင်မောင်မောင် [၁၂/စခန(နိုင်)၀၆၅၂၇၆] နှင့် ဒေါ်မေမျိုးသွယ် [၁၂/သလန(နိုင်)၀၉၉၁၈၆] ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝါဝါစံ [LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၅၀)**
**အမှတ် (၄၇၉)၊ ၇–လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၀၀၁၅၂၅၅**

## "ကွန်ဒိုတိုက်ခန်း ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

